ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (21-9-2008) (၅၈၀၈)

## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

### တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ယနေ့ ကြေးမုံ ဆောင်းပါး နှင့် သတင်းများ အညွှန်း

ပြည်သူတိုင်းသည် ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင်ပြုမူဆောင်ရွက်ခွင့် ရလိုကြပါသည်။ ဥပဒေ အရိပ်ထဲမှာနေ၍ မိမိတို့ စားဝတ်နေရေး၊ ကိုယ်စီဘဝတိုးတက်ရေးကို ဆောင်ရွက်လိုပါသည်။ ထိုအခွင့်အလမ်းများရရှိအောင် စီမံပေးသည့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူများ စိတ်ချမ်းချမ်းသာသာ ရှိကြပါသည်။

နှင်းဦးခင်၏ "တိုင်းပြည်ကို တကယ်ချစ်ပါလျှင်"

(ဆောင်းပါး) စာမျက်နှာ-၆



အင်တာနက် အာကာသ သိပ္ပံနှင့်နည်းပညာ နောက်ဆုံးရ သတင်းများ။ စာမျက်နှာ-၉



ပြည်တွင်းအားကစား သတင်းများ။ စာမျက်နှာ-၁၁

ကြေးမုံ The Mirror
၂၁-၉-၂၀၀၈
(တနင်္ဂနွေနေ့)

## စိုက်ပျိုးရေးအထူးဇုန်များ ဖော်ထုတ်နိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် မိုးစပါး၊ နွေစပါး စုစုပေါင်းဧက သန်း ၂၀ကျော် စိုက်ပျိုးလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အမျိုးအစားကြီးမားစွာ ပါဝင်နေပြီး ပြည်ပပို့ကုန်အတွက်လည်း အားထားနေရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် အစီအမံများချမှတ် ဖော်ဆောင်လျက်ရှိသည်။

အထူးသဖြင့် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေးအထူးဇုန်များ ဖော်ထုတ်ရေး၊ သီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်စေရေး၊ လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးတို့အတွက် လိုအပ်ချက်များကို အခါမလပ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ လယ်ယာကဏ္ဍတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်ရေးတို့အတွက် ဆည်တမံ ရေထိန်းတံခါးပေါင်းများစွာတို့ကို ရေမြေသဘာဝ အခြေအနေအလိုက် နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးထားသည်ကို တွေ့ရမည်ဖြစ်သည်။

ဒေသတစ်ခုချင်းအနေဖြင့်ကြည့်ပါက စိုက်ပျိုးရေးလုပ်ငန်းသည် စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးအတွက်သာမက ဒေသခံတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုပါ အထောက်အကူပြုနေသည်ကို တွေ့ရသည်။ တောင်သူလယ်သမားများအနေဖြင့် မြေလွတ်၊ မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးခြင်း၊ အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီစိုက်နည်းစနစ်များ အသုံးပြုခြင်းတို့ဖြင့် အကျိုးကျေးဇူး ပိုမိုရရှိကြမည်ဖြစ်သည်။

ယခုအခါ မြေလွတ်မြေလပ်များစွာရှိသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဒေသ၌ စိုက်ပျိုးရေးအထူးဇုန် ဖော်ထုတ်စိုက်ပျိုးနိုင်ရေး စီစဉ်လျက်ရှိသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံ တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ချောင်း၌ ရေထိန်းတံခါး တည်ဆောက်ပေးထားရာ ပိုလျှံရေများကို သိုလှောင်ထားနိုင်သောကြောင့် စိုက်ပျိုးရေများ ပေးဝေနိုင်လျက်ရှိသည်။ ထို့အပြင် နှစ်စဉ် နွေစပါး ဧက ၅၀၀၀ ကျော် စိုက်ပျိုးနိုင်ပြီး နွေရာသီ၌ ရေထိန်းတံခါး ပိတ်ထားခြင်းဖြင့် စိုက်ပျိုးမြေများသို့ ရေငန်ဝင်ရောက်မှုမှလည်း ကာကွယ်နိုင်သည်။

ယခုအခါ ဒေသတွင်းနိုင်ငံအချို့၌ ဆန်လိုအပ်ချက် မြင့်တက်လာလျက်ရှိရာ ဆန်စပါး ပိုမိုစိုက်ပျိုး ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ကူညီမှု၊ တောင်သူလယ်သမားများ၏ ခေတ်မီစိုက်ပျိုးရေးနည်းများ အသုံးပြုစိုက်ပျိုးမှုတို့ဖြင့် စိုက်ပျိုးရေးအထူးဇုန်များ အောင်မြင်စွာ ဖော်ထုတ်စိုက်ပျိုးလာနိုင်မည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ဧည့်သည်အဖွဲ့တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၀**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC and Sinohydro Joint Venture CCYW ကုမ္ပဏီမှ President , Ms. Jean Zhou Oin နှင့် Deputy Managing Director, Mr.Shen decai နှင့် အဖွဲ့သည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း၏ တာဘိုင်ဂျင်နရေတာ နှင့် Hydraulic Steel Structure များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး အမှတ်(၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC and Sinohydro Joint Venture CCYW ကုမ္ပဏီမှ President , Ms. Jean Zhou Oin နှင့် Deputy Managing Director, Mr. Shen decai နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

## လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

လေဘေးသင့်ဒေသ ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက် လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေ လက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

**လှူဒါန်း**

စက်တင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိလှူဒါန်းကြသောအလှူရှင်များမှာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၃၄၀၉၄၀၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၁၆၄၆၇၀၀၊ ကယားပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လွိုင်ကော်မြို့ (ဧရာဝတီတိုင်း လေဘေးအလှူငွေ လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆိုအသင်း) က ငွေကျပ် ၅၈၀၅၅၀၊ စွမ်းအင်ဝန်ကြီးဌာနက ငွေကျပ်၃၃၂၄၃၀၀၊ ဦးကျော်ဇေယျနှင့် ဒေါ်နန္ဒာဒေဝီတို့က ငွေကျပ် သိန်း ၇၀၊ Golden Flower Co., Ltd.က လပွတ္တာမြို့နယ် ပြင်စလူဆိပ် ကျေးရွာအုပ်စု မိချောင်းအိုင်ကျေးရွာ၌ လူနေအိမ်အလုံး ၁၀၀ အတွက် ငွေကျပ်သိန်း၆၀၀၊ ကြာညိုပန်း တိရစ္ဆာန်ကုဆေးခန်းမိသားစု (တောင်ဥက္ကလာ)က ငွေကျပ် တစ်သိန်း၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်ဝင်းဝင်းမြနှင့် သားဖွားမီးယပ်ဆရာဝန်များက လူနေအိမ် တစ်လုံးအတွက် ငွေကျပ် ခြောက်သိန်း၊ BHO LAI General Services Co., Ltd. က လူနေအိမ် အလုံး ၅၀ အတွက် ငွေကျပ်သိန်း ၃၀၀နှင့် Mitsubishi Motor (Thailand) Co., Ltd. က ထိုင်းဘတ်ငွေ ၅၀၀၀၀ တို့ဖြစ်သည်။

စက်တင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၄၅၅၉၂၄၉၀ နှင့် ထိုင်းဘတ်ငွေ ၅၀၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက ပြည်နယ်နှင့်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းများကို ဖွဲ့စည်းပေးလျက်ရှိရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို စက်တင်ဘာ ၁၉ရက် မွန်းလွဲပိုင်းတွင် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၌ ကျင်းပသည်။**(ယာပုံ)**

**— ရှင်းလင်းတင်ပြ —**

အခမ်းအနားတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းက အမှာစကား ပြောကြားပြီး ဗဟိုအမှုဆောင်များနှင့် စီမံကိန်းများတွင် ဆောင်ရွက်လျက်ရှိကြသော ဆရာဝန်ကြီးများက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းများဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းအား ဒုတိယရဲမှူးကြီး စိုင်းအောင်မင်း (အငြိမ်းစား)ဥက္ကဋ္ဌအဖြစ် ပါဝင်သော အမှုဆောင် ၁၀ ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

## ရည်မှန်းချက်လုပ်ငန်းတာဝန်အောင်မြင်ရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးအေးကြွယ်သည် စက်တင်ဘာ ၁၇ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တနင်္သာရီတိုင်း မြိတ်ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ အောင်မြင်ရေးနှင့် ရုံးချုပ်က ဖြန့်ဝေပေးပို့သည့် စာအုပ်များ၊ ဂျာနယ်များ စာရင်းဇယား မှန်ကန်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြိတ်မြို့နယ်ဦးစီးမှူး ဦးလှမြင့်နှင့် တနင်္သာရီမြို့နယ်ဦးစီးမှူး ဒေါ်အေးတင်တို့က လုပ်ငန်းတာဝန်(၁၁)ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကိုတင်ပြကြပြီး မြိတ်ခရိုင် ဦးစီးအရာရှိ ဒေါ်နီနီချိုက ခရိုင်၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက ဝန်ထမ်းရေးရာနှင့် အခြားလိုအပ်ချက်များကိုလည်းကောင်း ဖြည့်စွက်တင်ပြကြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ညွှန်ကြားရေးမှူး ဦးအေးကြွယ်က ကျေးရွာစာကြည့်တိုက်များကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွင်း ပြီးစီးရေးနှင့် လုပ်ငန်းတာဝန်(၁၁)ရပ်ကို အားမာန်အပြည့် စိုက်ထုတ်လျက် အားနည်းချက်များကို ပြုပြင်၍ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

# တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန်  စက်တင်ဘာ  ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် လမ်းမတော်မြို့နယ်ရှိ ပရိယတ္တိအလယ်တောရကျောင်းတိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၁၄အိတ်နှင့် ကိုးပြည်၊ ဆီပိဿာ ၁၁၀၊ အိုင်အိုဒင်းဆား၇၂၈ပိဿာ၊ သွားတိုက်ဆေးဘူး ၁၃၈ဘူး၊ တိုင်းရင်းဆေးမျိုးစုံ၂၇၄၄ဘူး၊ ပဲ ၁၇၆ ပိဿာ၊ နိုင်ငံခြားဆေးမျိုးစုံ ၈၁ ဘူး၊ လေဆာသွားတိုက်ဆေး ၄၃၂ဘူး၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့် အထုပ်၅၀၀၊ ဂေါ်ဇီလာခြင်နိုင်ဆေးဘူး၃၂၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၉၃၄၂၈၀၀တို့ ဖြစ်သည်။

(သတင်းစဉ်)







## အာဆီယံ လက်မှုအနုပညာပစ္စည်းများ ပြခန်းဖွင့်ပွဲကျင်းပ

**ရန်ကုန်  စက်တင်ဘာ  ၂၀**

နှစ်(၄၀)ပြည့် အာဆီယံအဖွဲ့တည်ထောင်ခြင်းအထိမ်းအမှတ် အာဆီယံလက်မှုအနုပညာပစ္စည်းများပြခန်း(ASEAN Corner)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက်၌ကျင်းပသည်။

ရှေးဦးစွာ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက“ASEAN We are One” သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများက အာဆီယံလက်မှုအနုပညာပစ္စည်းများ ပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် အမျိုးသားအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးစန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဒေါ်နန္ဒာမွန်းက အာဆီယံလက်မှု အနုပညာပစ္စည်းများ ပြခန်းဖွင့်လှစ်ပြသရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

## အင်တာနက်သဘာဝဘေးအန္တရာယ်သတင်းများ

**● ကျောဖုံးမှ**

လျှပ်စစ်ဓာတ်အားပြန်လည်ပို့လွှတ်ပေးနိုင်မှုအခြေအနေသည် စက်တင်ဘာ ၁၉ရက်အထိ သုံးစွဲသူတစ်သန်းခန့်သို့ ပေးနိုင်ပြီဖြစ်သော်လည်း ၁ဒသမ၂သန်းမှာ အမှောင်ထဲ၌နေကြရဆဲဖြစ်သည်ဟု ဓာတ်အားပေးကုမ္ပဏီများက အစီရင်ခံသည်။

မုန်တိုင်းဒဏ်ကြောင့် ကျောင်းများကိုလည်း ပိတ်ထားရကာ ဓာတ်အားပြန်လည်ရရှိမှုအခြေအနေပေါ်မူတည်၍ ကျောင်းများကို ပြန်လည်ဖွင့်လှစ်သွားမည်ဟု ဆိုသည်။ ကျောင်းပေါင်း ၃၀၀ခန့် ပိတ်ထားရသည့်အနက် လာမည့်အင်္ဂါနေ့တွင် ကျောင်း၁၂၀ခန့်ကို ပြန်လည်ဖွင့်လှစ်နိုင်မည်ဟု ခန့်မှန်းထားသည်။ ***အင်တာနက်။***

### ထိုင်းနိုင်ငံ ဒေသအနှံ့အပြားတွင် ရေကြီး အနည်းဆုံး လူခြောက်ဦးသေဆုံး

**ဗန်ကောက် စက်တင်ဘာ ၂၀**

ထိုင်းနိုင်ငံ ဒေသအနှံ့အပြားတွင် ရေလွှမ်းမိုးလျက်ရှိရာ စက်တင်ဘာ ၁၉ရက်အထိ ရေဘေးကြောင့်အသက်ဆုံးရှုံးရသူ အနည်းဆုံး ခြောက်ဦးရှိသွားပြီဖြစ်ကြောင်း သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် အနူချာမောက္ခဗီစက ပြောကြားသည်။

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း မဲ့ဟောင်ဆောင်ပြည်နယ် မဲ့ဆရင်ခရိုင်တွင် မြစ်ရေရှုတ်တရက် လျှံလာသည့်အတွက် မော်တော်ဆိုင်ကယ်စီးလာသူနှစ်ဦး ရေစီးနှင့်အတူ ပါသွားကြောင်း ထိုင်းသတင်းအေဂျင်စီကဖော်ပြသည်။

ဖိချစ်ပြည်နယ် ဝန်ကရွှတ်ဒေသမှ အသက်၇၂နှစ်ရှိ အဘွားအိုတစ်ဦးမှာ ၎င်း၏ အိမ်အောက်ရှိပစ္စည်းများကို သယ်ယူရန် ကြိုးပမ်းစဉ် ရေကြီးလာသည့်အတွက်အသက်ဆုံးသွားရသည်။

ရေကြီးလာသည့်အတွက် အရှေ့မြောက်ဒေသ နောင်ဘူဝါလမ်ပူပြည်နယ်တွင် လေးဦးသေဆုံးပြီး မြောက်ပိုင်းဒေသတွင် နှစ်ဦးသေဆုံးကြောင်း ဒေသခံသတင်းများက ဖော်ပြသည်။

နိုင်ငံတွင်းရှိ ပြည်နယ်ပေါင်း ၃၆ ပြည်နယ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားသဖြင့် စီးပွားရေးအရ အမေရိကန်ဒေါ်လာသန်း ၂၀ဖိုး ဆုံးရှုံးရကြောင်း ယာယီ ထိုင်းစိုက်ပျိုးရေးဝန်ကြီး ဆွမ်ဆတ်ပရီဆနာ နတ်သ်ကူးလ်က ပြောကြားသည်။

မြောက်ပိုင်း ၁၃ပြည်နယ်၊ အရှေ့မြောက်ပိုင်း ၁၂ ပြည်နယ်၊ အလယ်ပိုင်း လေးပြည်နယ်၊ အရှေ့ပိုင်း ခြောက်ပြည်နယ်နှင့် တောင်ပိုင်းရှိ ပြည်နယ်တစ်ခုတို့တွင် ရေကြီးမှုများ ဖြစ်ပွားလျက်ရှိသည်။

ယခုရေဘေးကြောင့် လယ်ယာမြေ ၁၁၅၉၈၉ ဟက်တာ ရေနစ်မြုပ်ခံခဲ့ရပြီး မွေးမြူရေး တိရစ္ဆာန်ကောင်ရေ ၂ဒသမ ၇သန်းတို့ ထိခိုက်ရကြောင်း ဝန်ကြီးက ပြောကြားသည်။

***အင်တာနက်။***



**အိုက်ခ်မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့်အမေရိကန်ပြည်ထောင်စုတက္ကဆက် ပြည်နယ်အတွင်း ဓာတ်အားလိုင်းများ ပျက်စီးနေစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၉-၂၀၀၈ (တနင်္ဂနွေနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | ‘‘တရားကျင့်သူနှင့် မကျင့်သူ’’ တရားတော် (ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ) |
| ၈း၀၀ - ၂း၀၀ | Sunday Talk [ကိုကို (စက်မှုတက္ကသိုလ်) ၊ အကယ်ဒမီ ဒေါက်တာမောင်တင်ဦး၊ အရိုင်း] |
| ၈း၄၅ - ၂း၄၅ | Soccer Update |
| ၉း၀၅ - ၃း၀၅ | သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ - ၃း၃၀ | မုန်တိုင်းဒဏ်ရာထဲကရတနာ |
| ၉း၄၅ - ၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ - ၃း၅၀ | Euro Goals |
| ၁၀း၁၀ - ၄း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ - ၄း၁၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ‘‘ အချစ်ကလန်းတယ်’’ |
| ၁၀း၄၅ - ၄း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၀ - ၄း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ - ၄း၅၅ | မျိုးဆက်သစ်လူငယ်များနှင့် HAN GOLF |
| ၁၀း၁၀ - ၅း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | သီးနှံစိုက်ပျိုး အထွက်တိုး ‘‘ စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့’’ |
| ၁၁း၃၀ - ၅း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ - ၅း၃၅ | International Video Topics ( တရုတ်ပြည်မှ မံမီများ) |
| ၁၂း၀၀ - ၆း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၅ - ၆း၀၅ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ မြင့်မြင့်စိန်) |
| ၁၂း၂၀ - ၆း၂၀ | ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ |
| ၁၂း၃၀ - ၆း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ - ၆း၃၅ | ဆီးချိုခြေထောက်ရောဂါ (ဒေါက်တာ သန်းသန်းအေး) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅း၂၅ | West Brom - Aston Villa | STAR SPORTS (Live) |
| ၇း၂၅ | Chelsea -Man Utd | ESPN (Live) |
| ၈း၂၄ | Man City -Portsmouth | STAR SPORTS (Live) |



ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီး (ညာ) နှင့် ရုရှားဒုတိယဝန်ကြီးချုပ်(ဘယ်)တို့ ကရာကာ့စ်တွင် စက်တင်ဘာ ၁၇ ရက်က ဆွေးနွေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အိုဘားမားက မက်ကိန်းကို ပြန်လည်အသာစီးရ

**ဝါရှင်တန် စက်တင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘာရက်အိုဘားမားသည်စက်တင်ဘာ ၁၈ရက်၌ ထုတ်ပြန်သောစစ်တမ်းတစ်ခုတွင် ၎င်း၏ပြိုင်ဘက် ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်း အပေါ်တွင် ပြန်လည်အသာစီးရရှိလာခဲ့သည်။ နိုင်ငံ၏ စီးပွားရေးအခြေအနေ ကျဆင်းလာမှုသည် အမေရိကန် မဲဆန္ဒရှင်များအတွက် အလေးထားရသော ပြဿနာဖြစ်လာသည်။

စီဘီအက်စ်နယူးစ်နှင့် နယူးယောက်တိုင်းတို့၏ ပူးတွဲကောက်ယူသော စစ်တမ်းတွင် အီလီနွိုက် အထက်လွှတ်တော်အမတ် အိုဘားမားက ထောက်ခံမှု ၄၈ ရာခိုင်နှုန်းရရှိပြီး ဂျွန်မက်ကိန်းက ထောက်ခံမှု ၄၃ ရာခိုင်နှုန်း ရရှိကြောင်း ဖော်ပြသည်။ စစ်တမ်းကောက်ယူရာတွင် ဖြေကြားသောသူများကအမေရိကန်ပြည်ထောင်စုကို ပြောင်းလဲရန်အတွက် မက်ကိန်းထက် အိုဘားမားက လုပ်ဆောင်နိုင်ဖွယ်ရှိသည်ဟု ယူဆကြသည်။

ဂေါလပ်လေ့လာရေးအဖွဲ့ကကောက်ခံသော သီးခြားစစ်တမ်း တစ်ခုတွင်လည်း အိုဘားမားက မက်ကိန်းကို ပွတ်ကာသီကာ အသာစီးရရှိကြောင်း တွေ့ရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီတလီ မာဖီးယားဂိုဏ်းခေါင်းဆောင်ကို ဖမ်းဆီးမိ

**ရက်ဂီယိုကာလာဘရီယာ စက်တင်ဘာ ၁၉**

အီတလီရဲတပ်ဖွဲ့မှအရာရှိများသည် ကျန်းမာရေးဆေးခန်း တစ်ခုအတွင်းသို့ ဆရာဝန်များ အယောင်ဆောင်၍ ဝင်ရောက်ပြီး မာဖီးယားအုပ်စုတစ်စု၏ ခေါင်းဆောင်ဟု ယူဆရသူတစ်ဦးကို စက်တင်ဘာ ၁၈ ရက်တွင် ဖမ်းဆီးလိုက်သည်။ ၎င်းသည် ဂျာမနီနိုင်ငံတွင် လူခြောက်ဦးအား သတ်ဖြတ်မှုနှင့် ပတ်သက်နေသည်ဟု ဆိုသည်။

အဖမ်းခံရသူ ဖရန်စစ္စကိုပယ်လီကိုသည် အီတလီနိုင်ငံ ကာလာဘရီယာ၊ ဆန်လူကာမှ ပယ်လီဗော့တာရီမာဖီးယားအုပ်စု၏ အကြီးအကဲဟု ယုံကြည်ရသည်။ ထိုအဖွဲ့သည် အီတလီနိုင်ငံ၏ အရှိန်အဝါအရှိဆုံး ရာဇဝတ်ဂိုဏ်းတစ်ခုဖြစ်လာပြီး ဥရောပ၏ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုကို ကြီးစိုးထားသည်။ တိုက်ခိုက်မှုတစ်ခုတွင် ၎င်း၏ ခြေထောက်များ လမ်းမလျှောက်နိုင်အောင် ဒဏ်ရာရရှိသဖြင့် အီတလီမြောက်ပိုင်း ပါဗီယာမြို့ရှိ ပုဂ္ဂလိကဆေးခန်းတစ်ခုတွင် ခွဲစိတ်ကုသမှု ခံယူအပြီး စက်တင်ဘာ ၁၇ ရက်နေ့တွင် ပယ်လီ အဖမ်းခံရခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များသည် ပယ်လီခုခံမည်ကို စိုးရိမ်သည့်အတွက် ဆရာဝန်ဟန်ဆောင်၍ ဝင်ရောက်ဖမ်းဆီးခြင်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***




# ဗင်နီဇွဲလားနှင့်ရုရှား ဆက်ဆံရေးတိုးမြှင့်မည်

**ကရာကာ့စ်(ဗင်နီဇွဲလား) စက်တင်ဘာ ၁၉**

ဗင်နီဇွဲလားနှင့် ရုရှားနိုင်ငံတို့သည် ရေနံလုပ်ငန်း၊ လက်နက်လုပ်ငန်းနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် သဘောတူကြသည်။ ဗင်နီဇွဲလားနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော ရုရှားဗုံးကြဲ လေယာဉ်ပျံနှစ်စင်း စက်တင်ဘာ ၁၈ ရက်က ပြန်လည်ထွက်ခွာသွားပြီးနောက် နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများက ဤအလည်အပတ်သည် မဟာဗျူဟာမြောက် မိတ်ဆွေများအတွက် ကဏ္ဍအသစ်တစ်ရပ်ဖွင့်လှစ် လိုက်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

သမ္မတဟူဂိုချားဗက်ဇ်သည် ရုရှားနိုင်ငံသို့လာမည့် ရက်သတ္တပတ်တွင် သွားရောက်လည်ပတ်၍ရုရှားကုမ္ပဏီများနှင့် ရေနံလုပ်ငန်းဆိုင်ရာစီမံချက်များကို စီစဉ်မည်ဖြစ်ပြီး ကရစ်ဘီယံဒေသတွင် ရုရှားပူးတွဲစစ်ရေးလေ့ကျင့်ရန်လည်း ဆွေးနွေးမည်ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသည် ရုရှားထံမှ လေကြောင်းရန်ကာကွယ်ရေးနည်းစနစ်နှင့် တင့်ကားများဝယ်ယူရေးကို ဆွေးနွေးလျက်ရှိသည်ဟု ရုရှားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

# တိုက်ချင်းပစ်ဒုံးကျည်သစ် ရုရှားက အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**မော်စကို စက်တင်ဘာ ၁၉**

ရုရှားနိုင်ငံက စက်တင်ဘာ ၁၈ ရက်တွင် ဘူလာဗာ တိုက်ချင်းပစ်ဒုံးကျည်သစ်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အဆိုပါဒုံးကျည်ကို ပင်လယ်ဖြူဒေသရှိ နျူကလီးယား ရေငုပ်သင်္ဘောမှ မိုင်ထောင်ချီဝေးသော အရှေ့ဖျားဒေသရှိ ပစ်မှတ်တစ်ခုဆီသို့ ပစ်လွှတ်ခဲ့ကြောင်း ရေတပ်ဖွဲ့က ပြောကြားသည်။

ရုရှားနိုင်ငံ အနောက်မြောက်ပိုင်းရှိ ပင်လယ်ပြင်အောက်မှ ပစိဖိတ်ဒေသ ကမ်ချက်ကာကျွန်းဆွယ်ရှိ ပစ်မှတ်နေရာသို့ မဟာဗျူဟာမြောက်ရေငုပ် သင်္ဘောဒီမီသရီဒွန်စကီးက အဆိုပါဒုံးကျည်ကို ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

တိုက်ချင်းပစ် ဘူလာဗာဒုံးကျည်ကို ရုရှားနိုင်ငံ၏ အာတိတ်ဒေသ၌ လှည့်လည်နေသည့် နျူကလီးယားရေငုပ်သင်္ဘောများအတွက် ပုံစံထုတ်လုပ်ထားခြင်းဖြစ်သည်။ ယင်းအမျိုးအစား ရေငုပ်သင်္ဘော ယူရီဒေါလိုရူကီက ဖေဖော်ဝါရီလတွင် ပထမဆုံးစမ်းသပ်ပစ်လွှတ်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# မက္ကဆီကိုနယ်စပ်၌ ရုန်းရင်းဆန်ခတ်ဖြစ်ပွား အကျဉ်းသား ၁၉ ဦး သေဆုံး

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၉**

မက္ကဆီကိုနိုင်ငံ နယ်စပ်မြို့ တီဂွါနာရှိ အကျဉ်းထောင်တစ်ခု၌ ရက်သတ္တပတ်အတွင်း ဒုတိယအကြိမ် ရုန်းရင်းဆန်ခတ် ဖြစ်ပွားရာ အကျဉ်းသား ၁၉ ဦး သေဆုံးပြီး တစ်ဒါဇင်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

တာဝန်ရှိသူများက အကျဉ်းသားများကိုမူလအခြေအနေသို့ပြန်ရောက်အောင် ထိန်းချုပ်နိုင်ခဲ့ပြီး အန္တရာယ်ရှိသော အကျဉ်းသား၂၀၀ ကို အခြားအကျဉ်းထောင်တစ်ခုသို့ ပြောင်းရွှေ့ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ဘာဂျာကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူး ဂျိုးအိုဆူနာက ပြောကြားသည်။

စက်တင်ဘာ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့နှင့် အကျဉ်းသားများအကြား ပဋိပက္ခဖြစ်ကြရာ အကျဉ်းထောင်အဆောက်အအုံအချို့ ပျက်စီးသွားပြီး အကျဉ်းသားအချို့သေဆုံးသည်။

ဆန်ဒီဂိုဒေသ တောင်ဘက်ရှိတီဂွါနာ နယ်စပ်မြို့သည် မူးယစ်ဆေးဝါးကုန်သည်များအတွက် အဓိကလမ်းကြောင်းတစ်ခုဖြစ်ပြီး မကြာသေးမီလများအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ တစ်ဟုန်ထိုး တိုးမြင့်လာသောကြောင့် သမ္မတဖီးလစ်ကယ်ဒီရွန်က မူးယစ်မှောင်ခိုများကို ထိထိရောက်ရောက်နှိမ်နင်းရန် ယင်းမြို့သို့ တပ်ဖွဲ့ဝင်ထောင်နှင့်ချီ၍ စေလွှတ်ခဲ့ရသည်။

***အမ်အင်အေ၊ရိုက်တာ။***



**မက္ကဆီကိုနိုင်ငံ တီဂွါနာမြို့ လာမက်ဆာ အကျဉ်းထောင်တွင် ရုန်းရင်းဆန်ခတ် ဖြစ်ပွားနေသည်ကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




**ခရီးစဉ်ဖျက်သိမ်းပြီး မြေပြင်တွင် ရပ်နားထားသော အလီတာလီယာ လေကြောင်းလိုင်းမှ လေယာဉ်များကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အီတလီလေကြောင်းလိုင်းခရီးစဉ်များ ဖျက်သိမ်း

**ရောမ စက်တင်ဘာ ၂၀**

အီတလီလေကြောင်းလိုင်း အလီတာလီယာသည် သောကြာနေ့က ပျံသန်းရေးခရီးစဉ်အချို့နှင့် အခြားကယ်ဆယ်ရေးအစီအစဉ်များ မအောင်မမြင်ဖြစ်ပြီးနောက် ဒေဝါလီခံရရန် ဦးတည်နေသဖြင့် လေယာဉ်များကို မြေပြင်တွင် ရပ်နားထားရဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မီလန်မြို့မှ ထွက်ခွာသော ခရီးစဉ် ၃၀ ကို နည်းပညာအကြောင်းပြ၍ ဖျက်သိမ်းခဲ့ကြောင်း အလီတာလီယာက ပြောကြားခဲ့သည်။

ခရီးသည်များကို အခြားလေယာဉ်တစ်စင်းပေါ်သို့ ရွှေ့ပြောင်းပေးခဲ့သော်လည်း အချို့သည် ရထားပြောင်းစီး၍ သွားကြရသည်။ မြောက်ပိုင်း မီထရိုပိုလစ်နှင့် ရောမမြို့တို့အကြား ပြေးဆွဲသောရထားများတွင် နှစ်စီးထပ်ဆောင်းစီစဉ်ပေးခဲ့သည်။

အမျိုးသားမြို့ပြလေကြောင်းအာဏာပိုင် (အီးအင်န်အေစီ)သည် အလီတာလီယာလေကြောင်းလိုင်း စီမံခန့်ခွဲသူများနှင့် တနင်္လာနေ့တွင် တွေ့ဆုံပြီး ကုမ္ပဏီရှေ့အလားအလာကို စစ်ဆေးမေးမြန်းမည်ဖြစ်သည်။ ရက်အနည်းငယ်အတွင်းမှာပင် လုပ်ငန်းလိုင်စင်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်ဟု တာဝန်ရှိသူများကပြောကြားသည်။ ရက်သတ္တပတ် သို့မဟုတ် အများဆုံး ၁၀ ရက်အတွင်းတွင် ခိုင်ခိုင်မာမာပြနိုင်ခြင်းမရှိခဲ့လျှင် လေယာဉ်များ ပျံသန်းနိုင်မည် မဟုတ်ကြောင်း အီးအင်န်အေစီ အကြီးအကဲ ဗစ်တိုရစ်ဂျီယိုက မီလာနိုဖိနန်ဇာ သတင်းစာသို့ ပြောကြားခဲ့သည်။ ***အင်တာနက်။***

# အီရတ်မှ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်

**ဆိုးလ်   စက်တင်ဘာ ၂၀**

တောင်ကိုရီးယားအစိုးရသည် စစ်ဒဏ်ကြောင့် ပျက်စီးမှုကို ပြန်လည်တည်ဆောက်ရန်အတွက် အီရတ်နိုင်ငံအား ကူညီသောအားဖြင့် ငါးနှစ်ကြာမျှ ကိုရီးယားတပ်ဖွဲ့ဝင်များ တပ်စွဲထားခြင်းကို အဆုံးသတ်သည့်အနေဖြင့် ယင်းနိုင်ငံ၌ ကျန်ရှိနေသေးသော တပ်ဖွဲ့များကိုအပြီးတိုင် ရုပ်သိမ်းမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

အမေရိကန်အစိုးရ၏ မေတ္တာရပ်ခံချက်ဖြင့် ၂၀၀၃ ခုနှစ်ကတည်းက တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို တည်ဆောက်ရေးတာဝန်ဖြင့် အီရတ်သို့ စေလွှတ်ခဲ့သည်။ တပ်ဖွဲ့ဝင်ဦးရေသည် မူလက ၃၆၀၀ အထိ ရှိခဲ့သော်လည်း ကိုရီးယားနိုင်ငံရေး အတိုက်အခံများ၏ တောင်းဆိုသောကြောင့် တဖြည်းဖြည်း တပ်များကို ရုပ်သိမ်းလာခဲ့သည်။

အီရတ်တွင် တောင်ကိုရီးယား ကြည်းတပ်အင်ဂျင်နီယာများနှင့် ဆေးဝန်ထမ်း ၂၅၀ ခန့်သည် စခန်းချထားပြီး အခြား အထောက်အကူပေးရေး တပ်ဖွဲ့ဝင်များ အထူးသဖြင့် လေတပ်တပ်ဖွဲ့ဝင်များသည် ကူဝိတ်နိုင်ငံတွင် စခန်းချထားသည်။

**ရုပ်သိမ်း**

ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တပ်ဖွဲ့ဝင်စုစုပေါင်း ၆၅၀ အား ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း သတင်းထောက်များကို သောကြာနေ့က ပြောကြားခဲ့သည်။ ***အင်တာနက်။***

# အီရတ်၌ ကားဗုံးပေါက်ကွဲ၊ နှစ်ဦးသေဆုံး

**ဘဂ္ဂဒက်   စက်တင်ဘာ ၂၀**

အီရတ်နိုင်ငံ သီဂွါပြည်နယ်တွင် ကြာသပတေးနေ့က ကားဗုံးပေါက်ကွဲမှုကြောင့် လူနှစ်ဦး သေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။

သေဆုံးသူတစ်ဦးမှာ အီရတ်အစိုးရက အလိုရှိသော စစ်သွေးကြွတစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။ ကျန်သေဆုံးသူတစ်ဦးမှာ မည်သူမည်ဝါဖြစ်သည်ကို ဖော်ပြခြင်းမရှိချေ။

***အင်တာနက်။***



**အာဖဂန်နစ္စတန် နိုင်ငံတွင် အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသည့် ယာဉ်များကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးသူ ၄၁၆၈ ဦးရှိ

**ဘဂ္ဂဒက်   စက်တင်လာ ၂၀**

အီရတ်နိုင်ငံ၌ ၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန် ကျူးကျော်ဝင်ရောက်ကတည်းက အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၄၁၆၈ ဦး သေဆုံးကြောင်း စက်တင်ဘာ ၁၉ ရက်တွင် အေပီသတင်းဌာနက ဖော်ပြသည်။

ထိုသေဆုံးသူဦးရေတွင် စစ်ဘက် အရပ်သားရှစ်ဦးပါဝင်သည်။ တိုက်ပွဲဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေ ၃၃၇၇ ဦးထက်မနည်း ရှိသည်ဟု အမေရိကန်စစ်ဘက်က ဖော်ပြသည်။

ထိုတိုက်ပွဲများတွင် ဗြိတိန် ၁၇၆ ဦး၊ အီတလီ ၃၃ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၁ ဦး၊ ဘူဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်ဆာဗေဒို ငါးဦး၊ ဆလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာတို့မှ သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားတို့မှ နှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတို့မှ တစ်ဦးစီလည်း သေဆုံးခဲ့သည်။ ***အင်တာနက်။***

# ပါကစ္စတန်မြို့တော်၌ ငလျင်လှုပ်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၀**

ပါကစ္စတန်နိုင်ငံ မြို့တော်နှင့် အနောက်မြောက်ဘက်ရှိ မြို့အချို့တွင် စက်တင်ဘာ ၂၀ ရက်က အင်အားအသင့်အတင့်ရှိသော ငလျင်လှုပ်သွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရစ်ချ်တာစကေး ၅ဒသမ ၄အဆင့်ရှိငလျင်သည် ပက်ရှဝါဒေသ မြောက်ဘက်မိုင် ၂၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ လှုပ်သွားကြောင်း ပါကစ္စတန် မြေငလျင်စခန်းက ပြောကြားသည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် အစ္စလာမ္မာဘတ်မြို့နှင့် အနောက်မြောက်ပိုင်း မြို့အချို့ရှိ အဆောက်အအုံများ ယိမ်းထိုး လှုပ်ရမ်းသွားကြောင်း၊ သို့သော် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုများ မရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

***အင်တာနက်။***

# ပါကစ္စတန်-အာဖဂန် အဝေးပြေးလမ်း၌ ကုန်သေတ္တာတင်ယာဉ် ပေါက်ကွဲမှုဖြစ်ပွား

**ပက်ရှဝါ စက်တင်ဘာ ၂၀**

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် အဝေးပြေးလမ်းရှိ ကုန်သေတ္တာတင်ယာဉ်တစ်စီးတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုကို ပြောကြားခြင်းမရှိကြောင်း သိရသည်။

**ပေါက်ကွဲ**

အာဖဂန်နစ္စတန်နိုင်ငံမှ ပက်ရှဝါမြို့သို့ မောင်းနှင်လာသည့် ကုန်သေတ္တာတင်ယာဉ်တစ်စီးသည် ပါကစ္စတန်-အာဖဂန် အဝေးပြေးလမ်းမရှိ ဆူတန်ခေးလ်ဒေသ၌ ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။

***အင်တာနက်။***



**အီရတ်နိုင်ငံတွင် အသေခံဗုံး ခွဲတိုက်ခိုက်ပြီးနောက် တာဝန်ရှိသူများက အပျက်အစီးများကို စစ်ဆေးကြည့်ရှုနေကြစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*




# အမေရိကန်က မုန်တိုင်းဒုက္ခသည်များကို အကူအညီပေးသည်ဆိုခြင်းမှာ ဝါဒဖြန့်လိမ်လည်ခြင်းသာဖြစ်သည်ဟု ကျူးဘားစွပ်စွဲ

**ဟာဗားနား   စက်တင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စုသည် ဂူစတဗ်နှင့်အိုက်ဟာရီကိန်းမုန်တိုင်းများ တိုက်ခတ်ပြီးနောက် ကျူးဘားနိုင်ငံသို့ အကူအညီပေးရန် ကမ်းလှမ်းသည်ဟု ပြောခြင်းသည်လိမ်လည်ခြင်းဖြစ်ကြောင်း စက်တင်ဘာ ၁၈ရက်တွင်ကျူးဘားနိုင်ငံက စွပ်စွဲပြောကြားလိုက်သည်။ အမေရိကန်၏ ၄၆နှစ်ကြာပြီဖြစ်သော စီးပွားရေး ပိတ်ဆို့ထားမှုသည် မုန်တိုင်းကျပြီးနောက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရာ၌ ထိခိုက်စေကြောင်း ကျူးဘားနိုင်ငံက ပြောကြားသည်။

ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီရက်ရိုကျူးက ဘုရှ်အစိုးရသည် မုန်တိုင်းဒဏ်ကြောင့် ဒေါ်လာငါးဘီလီယံဖိုး ပျက်စီးဆုံးရှုံးသွားသော ကျူးဘားနိုင်ငံအား အကူအညီပေးနေသည်ဟုဆိုခြင်းသည် ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အမေရိကန်က ကျူးဘားနိုင်ငံသို့ ဒေါ်လာ ၁၀၀၀၀၀ အထောက်အပံ့ပေးခဲ့ပြီး ကျူးဘားနိုင်ငံသို့ တင်ပို့ရန်အတွက် ဒေါ်လာသန်း ၂၅၀ ဖိုးရှိ စိုက်ပျိုးရေးပို့ကုန်လိုင်စင်များခွင့်ပြုပေးခဲ့ကြောင်း ဘုရှ်အစိုးရက ပြောကြားခဲ့သည်။အမေရိကန်က အကူအညီဒေါ်လာ ငါးသန်းပေးရန် ကမ်းလှမ်းခြင်းကို ကျူးဘားက ငြင်းပယ်ခဲ့သည်ဟုလည်း ပြောကြားခဲ့သည်။ ၁၉၅၉ခုနှစ်တော်လှန်ရေးပြီးနောက် ဖီဒယ်ကက်စထရို အာဏာရပြီးနှစ်အနည်းငယ်အကြာ စီးပွားရေးပိတ်ဆို့မှုကြောင့် အကူအညီရရှိမည်မဟုတ်ကြောင်း ကျူးဘားက ပြောကြားသည်။

ပီရက်ရိုကျူးက သတင်းစာရှင်းလင်းပွဲတွင် စီးပွားရေးပိတ်ဆို့မှုအောက်မှ စိုက်ပျိုးရေးပို့ကုန်လိုင်စင်များ ခွင့်ပြုခြင်းသည် ယခင်ကတည်းက ပုံမှန်လုပ်မြဲကိစ္စဖြစ်ကြောင်း၊ အကူအညီပေးခြင်းမဟုတ်ကြောင်း၊ အမေရိကန် ယာသမားများထံမှ ငွေပေးချေ၍ ဝယ်ယူခြင်းသာဖြစ်ကြောင်း ပြောကြားသွားသည်။ **အမ်အင်အေ၊ရိုက်တာ။**

# အာကာသ သိပ္ပံ

## အာကာသအဏုကြည့်မှန်ပြောင်း ပြင်ဆင်မည့် အာကာသဒုံးယာဉ် လွှတ်တင်ရန် ရွှေ့ဆိုင်း

**ကိတ်ကင်နာဗာရယ် စက်တင်ဘာ ၂၀**

နာဆာအဖွဲ့မှ အာကာသသို့ စေလွှတ်မည့် အတ္တလန္တိတ် အာကာသဒုံးပျံအား လွှတ်တင်မည့် အစီအစဉ်ကို သောကြာနေ့ စောစောပိုင်းက ရွှေ့ဆိုင်းခဲ့သည်။ အဆိုပါ အာကာသယာဉ်သည် အာကာသအတွင်းလွှတ်တင်ထားသော ဟက်ဘယ် အာကာသ အဏုကြည့်မှန်ပြောင်းနှင့် ချိတ်ဆက်ကာ လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရန်ဖြစ်သည်။

အမေရိကန်နိုင်ငံ ကိတ်ကင်နာဗာရယ်ဒေသ ကနေဒီအာကာသစခန်းရှိ ဒုံးပစ်စင်-၃၉ ဘီ၌ ယင်းအာကာသဒုံးပျံယာဉ်ကို အဆင်သင့်တပ်ဆင်ထားပြီး ဖြစ်သည်။ **(ယာပုံ)** အတ္တလန္တိတ် အာကာသယာဉ်နှင့်အတူ အာကာသယာဉ်မှူး ခုနစ်ဦးတို့သည် ဟက်ဘယ်အဏုကြည့် မှန်ပြောင်းကို ပြင်ဆင်ရန် လာမည့်အောက်တိုဘာလတွင် လိုက်ပါသွားကြမည် ဖြစ်သည်။

**အသုံးပြု**

အာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသစခန်းမှဝေးကွာသည့် ဟက်ဘယ်အာကာသအဏုကြည့်မှန်ပြောင်းကို ပြင်ဆင်မှုပြုလုပ်နေစဉ် ၎င်းတို့၏ အာကာသယာဉ်ပျက်စီးခဲ့လျှင် ရက်သတ္တပတ်များစွာကြာအောင် လုံခြုံစွာ ခိုလှုံသည့် နေရာတစ်ခုအဖြစ် နိုင်ငံတကာ အာကာသစခန်းကို ပုံမှန်အသုံးပြုမည်ဖြစ်သည်။ အတ္တလန္တိတ် အာကာသဒုံးပျံယာဉ် လွှတ်တင်မှုကို



အောက်တိုဘာ ၁၀ ရက်တွင် စီစဉ်ခဲ့သော်လည်း အာကာသဒုံးပျံယာဉ်တွင်ပါရှိသောပစ္စည်းကိရိယာပြဿနာများရှိနေမှုကြောင့် လွှတ်တင်ရန် နောက်ကျနိုင်မည်ဟု သိရသည်။ ***အင်တာနက်။***

# တိုင်းပြည်ကိုတကယ်ချစ်ပါလျှင်

နှင်းဦးခင်

မြန်မာနိုင်ငံတွင် ရှေးနှစ်သန်းပေါင်း(၄၀)က ရှေးဦးလူသားများ၏ ရုပ်ကြွင်းများကို တွေ့ရှိခဲ့ရသည့်အပြင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် လူ့အသုံးအဆောင်အထောက်အထားများကို တွေ့ရှိရသဖြင့် တိုင်းရင်းသားအားလုံးသည် ဤမြေပေါ်မှာပင် အတူတကွပေါက်ဖွားလာခဲ့ကြသည်မှာ ထင်ရှားပါသည်။ ရာသီဥတု၊ ရေမြေသဘာဝ၊ နေရာဒေသ၊ ဘာသာစကား ကွာခြားမှုကြောင့် တိုင်းရင်းသား လူမျိုးစုပေါင်း ၁၀၀ ကျော်အထိဖြစ်ပေါ်လာခဲ့သော်လည်း အသီးတစ်ရာ အညှာတစ်ခု သွေးရင်း သားရင်းများပီပီ ရှေးပဝေသဏီကပင် ချစ်ချစ်ခင်ခင် နေလာခဲ့ကြသည်။ တိုင်းရင်းသားအပေါင်းသည် အရေးကြီးလျှင် သွေးနီးကြပြီး အရေးကြုံက သွေးဆုံကြသူများဖြစ်သည်။ အမိမြေကို အသက်ပေး၍ ချစ်ကြသူများဖြစ်သည်။ နယ်ချဲ့၏မတရားကျူးကျော်သိမ်းပိုက်မှုကြောင့် သူ့ကျွန်ဘဝသို့ကျရောက်ခဲ့ရသော်လည်း တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြသည်။

ယနေ့အချိန်ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မဆုတ်မနစ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အချိန်ဖြစ်ပါသည်။

**မြန်မာတိုင်းရင်းသားပြည်သူတို့သည် မိမိတို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်အတူ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကိုဖော်ဆောင်သည့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ထောက်ခံဆန္ဒပေး အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ ဆန္ဒမဲပေးနိုင်သူ ၂၇သန်းကျော်မှ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းသော မဲဆန္ဒရှင်ပြည်သူများက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား စံချိန်ကျိုးအောင် ထောက်ခံဆန္ဒမဲပေးခဲ့ခြင်းဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အဖြစ် အခိုင်အမာ ပေါ်ထွန်းလာစေခဲ့ပြီး ဖြစ်ပါသည်။**

ဤကဲ့သို့ တိုင်းရင်းသားပြည်သူတို့က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို အတည်ပြု ထောက်ခံလိုက်ခြင်းသည် နိုင်ငံတော်အစိုးရကို ယုံကြည်စွာထောက်ခံဆန္ဒမဲပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုအခါ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသူ ပြည်တွင်း ပြည်ပအဖျက်သမားတို့မှာ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဖြစ်သွားပြီး သွေးရူးသွေးတန်းဖြင့် ၉၀ ပြည့်နှစ် ရလဒ်ဟောင်းကို ပြန်ပြီး တောင်းဆိုလာခဲ့ကြသည်။

၉၀ ပြည့်နှစ်ရလဒ်ဟု အော်သာအော်နေသည်။ ထိုစဉ်က ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲရလဒ်မှာ NLD ပါတီသည် ပြည်သူလူထုကို ကိုယ်စားပြုနိုင်ခဲ့ခြင်း မရှိပါ။ ဆန္ဒမဲပေးနိုင်သူ သန်း ၂၀ ကျော်မှာ ခုနစ်သန်းကျော်ကသာ ထောက်ခံမဲ ပေးခဲ့ခြင်းဖြစ်ရာ လူ ၂၀ မှာ ခုနစ်ယောက် ထောက်ခံရုံဖြင့် လူ ၂၀လုံးကို ကိုယ်စားပြုသည်ဟု မဆိုနိုင်ပါ။ လူ ၂၀ ၏ ထက်ဝက်ကျော်ထောက်ခံမှသာ ထိုလူ ၂၀ကို ကိုယ်စားပြုနိုင်မည် ဖြစ်ပါသည်။ ထိုမျှမက ပွင့်ပွင့်လင်းလင်းပြောရလျှင် ယနေ့အချိန်တွင်၉၀ ပြည့်နှစ်ရလဒ်ကို ပြည်သူတွေက လက်မခံတော့ပါ။ ထို ၉၀ ပြည့်နှစ် ရလဒ်သည် ယခုဆိုလျှင် ၁၈နှစ်ကျော် ၁၉ နှစ် အတွင်းသို့ ရောက်လာပြီဖြစ်ရာ ထိုစဉ်က ပြည်သူတွေ မဲပေးခဲ့သည့် ရလဒ်မှာ ၁၉၉၄ ခုနှစ်မှာပဲ ကုန်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

အမျိုးသားညီလာခံစတင်ကျင်းပစဉ်က NLDပါတီမှ ကိုယ်စားလှယ်များ ဆန္ဒတူသဘောတူ ပါဝင်တက်ရောက်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်တွင် ဒေါ်စုကြည်တစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် အမျိုးသားညီလာခံကို စွန့်ခွာဆန့်ကျင်ကျောခိုင်းခဲ့ကြသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ထိုပါတီသည် ဒီမိုကရေစီပါတီလော၊ ပုဂ္ဂလိကပိုင် အသုံးချခံ ခါးပိုက်ဆောင် အဖွဲ့အစည်းလော ဆိုသည်ကို သံသယရှိစရာ ဖြစ်ခဲ့သည်။ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ယာယီရပ်ဆိုင်းထားသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ရာ ယင်းညီလာခံသို့ တက်ရောက်ရန် NLD ပါတီကို နိုင်ငံတော်အစိုးရက သဘောထားကြီးစွာ ဖိတ်ကြားခဲ့သည်။ အစပိုင်းတွင် တက်ရောက်မည်ဟု ဆိုခဲ့သော်လည်း ညီလာခံကျင်းပရက်နီးကပ်လာသည့်အခါ မတက်ရောက်နိုင်ကြောင်း NLD က ပြန်ကြားခဲ့သည်။ ဤသို့ NLD ပါတီက မှုမမှန်သောလုပ်ရပ်များ ပြုလုပ်ပြီး မတက်ခဲ့သော်လည်း နိုင်ငံတော်အစိုးရက အခြားနိုင်ငံရေးပါတီများ၊ ရွေးချယ်ခံကိုယ်စားလှယ်များ စုစုပေါင်း ၁၀၈၆ ဦးဖြင့် အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့သည်။ ယနေ့ကာလတွင် ညီလာခံမှ ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီး ၂၀၀၈ခုနှစ် မေလတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါသည်။

NLD ပါတီအနေဖြင့် ငါမပါလျှင်မဖြစ်ဟူသော သက္ကာယဒိဋ္ဌိကြီးမားစွာဖြင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကို သွယ်ဝိုက်ဆန့်ကျင်ခဲ့သည်။ ၎င်းအပြင် ပြည်တွင်းရှိ NLD ပါတီ အပါအဝင် ပြည်တွင်း ပြည်ပအဖျက်သမားများက ဆန္ဒခံယူပွဲပျက်စီးစေရန်၊ ကန့်ကွက်မဲပေးကြစေရန် ဆန့်ကျင်လှုံ့ဆော်ခဲ့ကြသည်။ သို့သော် ကိုယ်ပိုင်သုံးသပ်ဆင်ခြင်နိုင်စွမ်းရှိပြီး အဖျက်သမားတို့ပြောတိုင်း လက်မခံကြတော့သည့် ပြည်သူများက နိုင်ငံတော်အစိုးရကို တစ်ခဲနက် ထောက်ခံလိုက်သောအခါ NLD နှင့် ဆန့်ကျင်ဘက်အုပ်စုများသည် မျက်ကလဲဆန်ပျာ ဖြစ်သွားပြီး ပါးစပ်က ၉၀ ပြည့် ရလဒ်ဟုအော်ကာ လက်က မိုင်းဗုံးကိုင်၍ ဝင်လာကြပါသည်။

ယနေ့မျက်မှောက်ခေတ်သည် ခေတ်သစ်ကိုလိုနီနယ်ချဲ့သမားများ၏ ညစ်ပတ်မှုမျိုးစုံကို ရင်ဆိုင်နေရသော ကာလဖြစ်ပါသည်။ နယ်ချဲ့သမားတို့သည် သူတို့မျက်စိကျသည့် နိုင်ငံများတွင် ပြည်တွင်းသစ္စာဖောက်များမွေးပြီး၊ ဘွဲ့တံဆိပ်နှင့် ထောက်ပံ့ကြေးအမျိုးမျိုးပေးပြီး၊ သူတို့ ဩဇာခံမည့် ပုဂ္ဂိုလ်များ အာဏာရအောင်လုပ်ပေးပြီး ဩဇာခံတိုင်းပြည် (Sphere of Influence)များ ထူထောင်လာကြပါသည်။ နယ်ချဲ့ဆန့်ကျင်စိတ် ပြင်းထန်သော တိုင်းပြည်များကို ဖိအားအမျိုးမျိုးပေး စွက်ဖက်နှောင့်ယှက်ပြီး ဩဇာခံရုပ်သေးအစိုးရ (Puppet Government) များ ဖြစ်လာအောင် လုပ်ကြံဖန်တီးကြပါသည်။

နယ်ချဲ့သမား၏ ကြိုးဆွဲရာကမည့် အစိုးရများ ပေါ်လာအောင် ပြုလုပ်ရာ၌ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ ဥရောပသမဂ္ဂ၊ လူ့အခွင့်အရေးကော်မရှင် စသည့်အဖွဲ့အစည်းများ၏ အကာအကွယ်ကိုယူပြီး သူတို့ဩဇာမခံသည့် နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကြိုးပမ်းတတ်ကြပါသည်။

ယနေ့အချိန်တွင် ပြည်ပအသံလွှင့်ဌာနများက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးစသည်တို့ကို အသံကောင်းဟစ်ရင်း မြန်မာနိုင်ငံမှာ ဆူပူအုံကြွဖို့၊ ဥပဒေချိုးဖောက်ဖို့ ဝါဒဖြန့် လွှင့်ထုတ်ပေးနေတာ မကြားချင်အဆုံးဖြစ်ပါသည်။ ပြည်တွင်းမှ ပုဆိန်ရိုးများကလည်း မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ရန်၊ အကူအညီလုံးဝမပေးရန်၊ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ရန်၊ ကမ္ဘာလှည့်ခရီးသည်များ မလာရန်၊ နိုင်ငံတကာက ပိတ်ဆို့အရေးယူရန် အော်ဟစ်တောင်းဆိုကြပါသည်။ ကိုလိုနီနယ်ချဲ့အလိုကျ နိုင်ငံအချို့ကလည်း ထိုပုဆိန်ရိုးတို့၏ တောင်းဆိုချက်များကို လိုက်လျောခဲ့ပါသည်။ ဤသို့ဖြင့် မြန်မာတွေ ဆင်းရဲကျပ်တည်းမည်။ ဆင်းရဲဒုက္ခမခံနိုင်သောအခါ ဆူပူမည်။ ဤနည်းဖြင့် မိမိတို့အာဏာရလွယ်မည်ဟု တွက်ကာ ပြည်ပနှင့် လက်ဝါးချင်းရိုက်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုမရှိရန် နှောင့်ယှက်ဖျက်ဆီးနေကြပါသည်။

ပြည်သူတစ်ယောက်အမြင်နှင့် ပြောရလျှင် အဖျက်အင်အားစုအနေဖြင့် သူတစ်ပါး၏ပေးစာ ကမ်းစာကို လက်ဝေခံစား၍ ပြည်တွင်း၌ အဖျက်အမှောင့်လုပ်နေသည့် လုပ်ရပ်များကို ရှောင်ကြဉ်သင့်ပြီဖြစ်ပါသည်။ ဖြူစင်သောအရာကို ယူလိုလျှင် သန့်ရှင်းသောလက်နှင့် လာယူပါဟူသော ဆိုစကားအရ တိုင်းပြည်နှင့်လူမျိုးအတွက် တကယ် အကျိုးရှိအောင် လုပ်လိုလျှင် သူတစ်ပါးမြှောက်ပင့်သွေးထိုးတိုင်း ရန်သဘောဆောင်နေမည့်အစား အမျိုးသားအကျိုးစီးပွားကို ရိုးရိုးသားသားဆောင်ရွက်စေချင်ပါသည်။

**NLD ပါတီသည် သက်တမ်း တစ်လျှောက်လုံး ပြည်တွင်းအားကို ဆန့်ကျင်လျက် ပြည်ပကိုအထင်ကြီးနေသော အနောက်မျှော်အုပ်စုသာဖြစ်သည်။ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်ဖြင့်ပိတ်ဆို့ရေး စသည့် နိုင်ငံနှင့်ပြည်သူ၏ ပျက်စီးရာပျက်စီးကြောင်းကိုသာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။၎င်းဆောင်ရွက်ချက်များကိုစွန့်လွှတ်မည်ဆိုပါက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဒေါ်စုကြည်ကို လက်ခံတွေ့ဆုံမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါသည်။ သို့သော် ဒေါ်စုကြည်အနေဖြင့် ၎င်းကိစ္စများ မလုပ်ခဲ့ကြောင်း ပြောင်ကျကျပင် ငြင်းပယ်ခဲ့ရာ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ဘာမျှမလုပ်လိုသည့် သူမ၏စေတနာကို ပြည်သူများက ခန့်မှန်းမိနေပြီ ဖြစ်ပါသည်။**

မြန်မာနိုင်ငံ၏ပကတိအခြေအနေအရ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် တက်ညီလက်ညီ ဆောင်ရွက်နေကြသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းသိ ပြည်သိ ကမ္ဘာသိ ချမှတ်ထားပြီးဖြစ်သည်။ ဤမူဝါဒလမ်းစဉ် (၇)ရပ်ကို ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူထုအစည်းအဝေးများက လည်းကောင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများမှ လည်းကောင်း ထောက်ခံခဲ့ကြပြီးဖြစ်သည်။ ပြည်သူအားလုံးက လက်ခံယုံကြည်သည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်ကန်ဆုံး လမ်းကြောင်းအဖြစ် အသိအမှတ်ပြု လက်ခံခဲ့ကြပြီးဖြစ်သည်။

**ပြည်သူအားလုံးသည် ဒီမိုကရေစီကို လိုလားတောင့်တသည့်နည်းတူ တည်ဆဲအစိုးရက ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကိုလည်း သိရှိကြပါသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ဆန့်ကျင်ခြင်း၊ အခြေခံဥပဒေဆန့်ကျင်ခြင်း၊ ပြည်ပအားကိုးခြင်းမှန်သမျှသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ ဒီမိုကရေစီရေးကြိုးပမ်းမှုများကို နှောင့်နှေးပျက်ပြားအောင် ဖျက်လိုဖျက်ဆီးလုပ်ရပ်များဖြစ်ကြောင်း သိရှိပြီး ဤလုပ်ရပ်များကို ရွံရှာကြပါသည်။ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်လျှင် ပြည်သူ့ဆန္ဒနှင့် ပြည်သူကို ဆန့်ကျင်ခြင်းပင် ဖြစ်ပါသည်။**

ပြည်သူတွေအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားကြပါသည်။ ဆူပူအကြမ်းဖက်မှု၊ ပြည်တွင်းသောင်းကျန်းမှု၊ သပိတ်မှောက်ဆန္ဒပြမှု၊ ၈၈ အရေးအခင်းမျိုးကိုလည်း မကြားချင် မမြင်ချင်တော့ပါ။ ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် လုပ်လာလျှင်လည်း လုံးဝ လက်မခံနိုင်ပါ။

နိုင်ငံနှင့်လူမျိုးကိုချစ်သည့် တိုင်းရင်းသားပြည်သူအပေါင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားပါသည်။ မိမိလူမျိုး ပိုတော်တာ၊ ပိုအောင်မြင်တာကို မြင်လို ကြားလိုကြပါသည်။ ကိုယ့်လူမျိုးဆင်းရဲတာ၊ တိုင်းပြည်ဆင်းရဲတာကို မမြင်လို၊ မကြားလိုကြပါ။

ထို့အပြင် ပြည်သူတိုင်းသည် ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် နေထိုင် လုပ်ကိုင် ပြုမူဆောင်ရွက်ခွင့် ရလိုကြပါသည်။ ဥပဒေအရိပ်ထဲမှာနေ၍ မိမိတို့စားဝတ်နေရေး၊ ကိုယ်စီဘဝတိုးတက်ရေးကို ဆောင်ရွက်လိုပါသည်။ ထိုအခွင့်အလမ်းများရရှိအောင် စီမံပေးသည့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူများ စိတ်ချမ်းချမ်းသာသာ ရှိကြပါသည်။

၇-၉-၂၀၀၈ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်ကို ဆန့်ကျင်နေကြသည့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို မြင်တွေ့ရသောအခါ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဟန်ဆောင်ဗန်းပြပြီး နိုင်ငံတကာ၏ ပေးစာကမ်းစာအဖြစ် ရရှိသော ငွေများကို အစိုးရဆန့်ကျင်ရေး၊ ပြည်တွင်းဆူပူရေး၊ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများတွင် အသုံးပြုနေကြပြီး အချင်းချင်း ခေါင်းပုံဖြတ်စားနေကြောင်းကို ပြည်သူများ နားလည်သွားပါသည်။ ငွေကြေးတစ်ခုတည်းအတွက်ပင် စိတ်ချယုံကြည်ရမှုမရှိဘဲ ဖြတ်စားနေသူတွေက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအတွက် ဘယ်လိုများ အနစ်နာခံ ကိုယ်ကျိုးစွန့် ဆောင်ရွက်ပါမလဲဟု စဉ်းစားမိပါသည်။

ထို့အပြင် မြို့တော်ခန်းမကိုဖောက်ခွဲလျှင် ငွေကျပ်သိန်းတစ်ရာ၊ စင်တာများကို ဖောက်ခွဲနိုင်လျှင် ငွေကျပ် သိန်း ၇၀၊ အစိုးရရုံးများကို ဖောက်ခွဲနိုင်လျှင် ငွေကျပ် သိန်း ၅၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများကို ဖောက်ခွဲနိုင်လျှင် ငွေကျပ် သိန်း ၂၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးများနှင့် ရန်ကုန်ဘူတာကြီးကို ဖောက်ခွဲနိုင်လျှင် ငွေကျပ် ၁၅ သိန်း၊ အထင်ကရ မီးပွိုင့်များကို ဖောက်ခွဲနိုင်လျှင် ငွေကျပ် ၁၀ သိန်း၊ ရပ်ကွက်၊ လမ်းဆုံ၊ လမ်းခွတွေကို ဖောက်ခွဲနိုင်လျှင် ငွေကျပ် ငါးသိန်း၊ မထင်မရှားနေရာတွေကို ဖောက်ခွဲနိုင်လျှင် ငွေကျပ်နှစ်သိန်း ပေးမည်ဖြစ်ကြောင်း သိရှိရသောအခါ တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူများအနေဖြင့် ဖောက်ခွဲဖျက်ဆီးရေးအကြံများကို ကြံစည်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်ပံ့ပိုးနေသူများကို အော့နှလုံးနာကြပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ ☆

**ပြည်သူအားလုံးသည် ဒီမိုကရေစီကို လိုလားတောင့်တသည့်နည်းတူ တည်ဆဲအစိုးရက ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကိုလည်း သိရှိကြပါသည်။ ထို့ကြောင့်ပြည်သူများအနေဖြင့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ဆန့်ကျင်ခြင်း၊ အခြေခံဥပဒေဆန့်ကျင်ခြင်း၊ ပြည်ပအားကိုးခြင်းမှန်သမျှသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ ဒီမိုကရေစီရေးကြိုးပမ်းမှုများကို နှောင့်နှေးပျက်ပြားအောင် ဖျက်လိုဖျက်ဆီးလုပ်ရပ်များ ဖြစ်ကြောင်း သိရှိပြီး ဤလုပ်ရပ်များကို ရွံရှာကြပါသည်။ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်လျှင် ပြည်သူ့ဆန္ဒနှင့် ပြည်သူကို ဆန့်ကျင်ခြင်းပင် ဖြစ်ပါသည်။**

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

နိုင်ငံတော်အစိုးရက ဖော်ထုတ်သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများကို မြင်တွေ့ရသည့်အခါ အသက်ပေါင်းများစွာ သေကျေမည့်အရေးမှ ပြည်သူများကို ကယ်တင်ပေးနိုင်၍လည်းကောင်း၊ အစိုးရရုံးတွေ၊ အဆောက်အအုံတွေ ပျက်စီးမည့်အန္တရာယ်မှ ကာကွယ်ပေးနိုင်၍လည်းကောင်း နိုင်ငံတော်အစိုးရကို များစွာကျေးဇူးတင်ရှိပြီး ဆတက်ထမ်းပိုး တိုး၍ ယုံကြည်အားကိုးပါကြောင်း ပြောကြားကြပါသည်။

ယနေ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဟု အသံကျယ်ကျယ်အော်ကာ ဗိုလ်ကျစိုးမိုးနေသည့် နိုင်ငံကြီးသည် ၎င်းတို့ချုပ်ကိုင်လိုသောနိုင်ငံကို ပြချင်ရာအကြောင်းပြ၍ ဝင်ရောက်ကျူးကျော်တိုက်ခိုက်သိမ်းပိုက်သည်။ ရုပ်သေးအစိုးရတင်ပေးသည်။ ပြီးသော် ယင်းနိုင်ငံမှ ပြန်မထွက်ဘဲ ကျားပိန်တွယ် တွယ်ထားသည်။ အာဖဂန်နစ္စတန်ကို ကျူးကျော်သိမ်းပိုက်ထားမှုမှာ ခုနစ်နှစ်အတွင်းရောက်နေပြီး အီရတ်ကို ကျူးကျော်သိမ်းပိုက်ထားသည်မှာ ငါးနှစ်အတွင်း ရောက်နေသော်လည်း လုံးဝပြန်မထွက်သည့် ဖြစ်ရပ်များက သက်သေခံနေကြပါသည်။

ကျူးကျော်သိမ်းပိုက်တပ်များကို ကုလသမဂ္ဂနှင့် နိုင်ငံတကာက ပြန်လည်ထွက်ခွာစေချင်ကြပြီး ကျူးကျော်သိမ်းပိုက်ခံနိုင်ငံမှ ပြည်သူများ၊ ဥပဒေပြု လွှတ်တော်များကလည်း တပ်များ ပြန်လည်ရုပ်သိမ်းရန် တိုက်တွန်းကြပါသည်။ သို့သော် ကျူးကျော်သိမ်းပိုက်သူက ခေါင်းရမ်း၊ ခေါင်းခါပြနေဆဲသာဖြစ်သည်။

ကျူးကျော်ခြင်းကိုခံရသော အီရတ်နိုင်ငံ၏အဖြစ်က ကမ္ဘာ့ပြည်သူများကို နာကျင်ကြေကွဲစေပါသည်။ အီရတ်နိုင်ငံဆက်ဒမ်ဟူစိန်အစိုးရလက်ထက်က ကမ္ဘာကို ဒုက္ခပေးနိုင်သည့် အနုမြူလက်နက်၊ ဓာတုအဆိပ်လက်နက်၊ ဇီဝရောဂါပိုးမွှား လက်နက်များရှိနေသည်ဟု စွပ်စွဲကာ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့သည်။ သို့သော် ယခုတိုင် ယင်းလက်နက်များ လုံးဝရှာမပြနိုင်ခဲ့ပါ။

ဆက်ဒမ်ဟူစိန်လက်ထက်တွင် အီရတ်ပြည်သူများ သိန်းချီ၍ မသေခဲ့ကြရ။ ဗုံးကြဲဖြိုဖျက်မခံခဲ့ကြရ။ အီရတ်ရေနံများကို ကျူးကျော်သူတို့ လက်ဝါးကြီးအုပ်၊ သွေးစုပ်ခြယ်လှယ်ခြင်း မခံခဲ့ကြရ။ ပြည်တွင်း၌ မလုံခြုံ၍ ပြည်ပသို့ အီရတ်ပြည်သူ ငါးသန်းကျော် ထွက်ပြေးမသွားခဲ့ကြရဟု ဆိုကြသည်။ ယခုမူ အီရတ်တို့ သိန်းချီသေရ၊ အိုးအိမ်များ အမှုန့်ဖြစ်ရ၊ အီရတ်ပိုင် ရေနံများ လက်ဝါးကြီးအုပ် သွေးစုပ်ခံနေရသည်။ ပြည်ပသို့ထွက်ပြေးသူပင် ငါးသန်းကျော် ရှိနေပေပြီ။

အီရတ်၌ သောင်းကျန်းသူများ၊ အယ်လ်ခိုင်ဒါတပ်များရှိသည်ဟု ၎င်းတို့ကစွပ်စွဲသည်။ လက်နက်ကိုင်တပ်များ ရှိသည်၊ မသင်္ကာဟု အကြောင်းပြကာ ဗုံးကြဲ၊ ဒုံးခွင်း၊ အမြောက်ထုခြင်းဖြင့် အီရတ်ကလေး၊ လူကြီး၊ မိခင်များ နေ့စဉ်သေနေကြရသည်။ မသင်္ကာဟူသောစကားလုံးသည် လူသတ်ခွင့်လိုင်စင်ပမာ ဖြစ်နေပြီဟုဆိုနိုင်ပါသည်။

ကိုလိုနီလက်သစ် နယ်ချဲ့နိုင်ငံတို့၏ မတော်လောဘစီမံကိန်းများတွင် ပြည်တွင်းအမျိုးသားသစ္စာဖောက် လောက်ကောင်များ၊ ပုဆိန်ရိုးများ၊ လက်ပါးစေ၊ လက်ဝေခံများကို ခွဲထုတ်အသုံးချမြဲဖြစ်ကြောင်း သတိပြုရမည်ဖြစ်သည်။

**ယနေ့ကာလတွင် အင်အားကြီးနိုင်ငံအချို့က ၎င်းတို့လိုလားသည့် ပုဂ္ဂိုလ်တစ်ယောက်၏ အကျိုးစီးပွားသက်သက်အတွက် ဘက်လိုက်ကာ ပြည်သူတစ်ရပ်လုံး၏မျက်နှာကို မထောက်ဘဲ အခက်အခဲအမျိုးမျိုး ကြုံတွေ့စေရန် တစ်ဖက်စောင်းနင်း မမှန်သတင်းများကို ထုတ်လွှင့်ပြီး မတရားဖိနှိပ်လျက်ရှိပေသည်။**

**ဤအချက်ကို သတိကြီးစွာထား၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက စည်းလုံးညီညွတ်မှု၏ အစဉ်အလာကောင်း၊ အခြေခံကောင်းများဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေစည်နေသည့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကိုအောင်မြင်အောင် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ယခုအခါ အဖျက်ရန်စွယ်အမျိုးမျိုးဖြင့် နှောင့်ယှက်နေသည့်ကြားမှပင် မျိုးချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရား အပြည့်အဝရှိသော မြန်မာတိုင်းရင်းသားတို့၏ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများက အံ့မခန်း တိုးတက်ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုနှင့် ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုးသော အစဉ်အလာကောင်းများကြောင့် ပြည်သူတို့လိုလားသော ဒီမိုကရေစီခရီးစဉ်လည်း ခရီးပေါက် လာခဲ့ပြီဖြစ်သည်။**

ပကတိအရှိတရားကို အတ္တသလ္လာဖုံးခဲ့သောကြောင့် အဖျက်လုပ်ရပ်များကို မှားယွင်းလုပ်ဆောင်မိသူများအနေဖြင့်လည်း ကိုယ့်ရေ ကိုယ့်မြေ၊ ကိုယ့်လူမျိုးတွေထက် မြတ်နိုးချစ်ခင်စရာ ဤကမ္ဘာမှာမရှိကြောင်း နားလည်သဘောပေါက်ကာ ပြည်သူနှင့်အတူ လက်တွဲ၍ ဒီမိုကရေစီပန်းတိုင်သို့ ချီတက်သင့်ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# အထွေထွေဘဏ်လုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန်　စက်တင်ဘာ　၂၀**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ်(၁၂) ဆင်းပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဆက်လက်၍ သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ သင်တန်းသို့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား ၄၈ ဦး တက်ရောက်ခဲ့ကြပြီး ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ်(၁၂) ဆင်းပွဲတွင် ထူးချွန်သင်တန်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (ဘဏ္ဍာ/အခွန်)

## သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း အရက်သေစာသောက်စား မောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

**ရန်ကုန်　စက်တင်ဘာ　၂၀**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ စာတည်းဦးတင်ဝင်းသည် စက်တင်ဘာ ၅ ရက်က ပင်လောင်းနှင့် နောင်တရားတို့မှ ရုံးဝန်ထမ်းများအား ပင်လောင်းမြို့နယ်ရုံး၌ တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ စာတည်းဦးတင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ပင်လောင်းမြို့နယ်အတွင်းရှိ ဝါးပြုံးကျေးရွာ ရတနာမိုးလင်းစာကြည့်တိုက်၊ တင်းထက်ကျေးရွာ လူငယ်စာကြည့်တိုက်၊ ဝါးလီးကျေးရွာ ပညာမိုးစွေစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ စာတည်းဦးတင်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအုန်းရွှေတို့က မြို့နယ်ကျေးရွာ တာဝန်ရှိသူများ၊ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာပြည်သူများအား တွေ့ဆုံ၍ စာဖတ်သူတိုးပွားရေး၊ ရန်ပုံငွေထူထောင်ထားရှိရေး၊ စာအုပ်အရေအတွက် တိုးပွားရေးနှင့် ကိုယ်ပိုင်အဆောက်အအုံများ ဖြစ်ပေါ်လာရေးတို့အတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြေးမုံ The Mirror — ပြည်သူ့ထံမှ ပေးစာများ

### ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက်(၄)၊ (၄)လွှာရှိ တိုက်ခန်းတွင် နေထိုင်သူတစ်ဦးသည် ခွေးလေခွေးလွင့်များကို အစားအစာကျွေး၍ ၎င်းအခန်းရှေ့လှေကား၌ မွေးထားပါသည်။

အဆိုပါ ခွေးများကြောင့် ပတ်ဝန်းကျင်နေသူများ လှေကားအတက်အဆင်း၌ ခွေးကိုက်ခံရမည်ကို စိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ အိမ်ရာနေ မိသားစုများ ခွေးကိုက်ခံရမည့် အန္တရာယ်မှ ကင်းဝေးစေရေးအတွက် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**အိမ်ရာမိသားစုများ**

### ဘီလီယက်ခုံ ကစားဝိုင်း ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

မကွေးမြို့ ကန်သာရပ်ကွက် (ဘီ) အုပ်စု သစ္စာလမ်းနှင့် တောင်တွင်းကြီးလမ်းထောင့်တွင် လိုင်စင်မဲ့ ဘီလီယက်ခုံလုပ်ငန်းနှင့် တရားမဝင် လောင်းကစားဆီရောင်းချခြင်းများကို ညဥ့်နက်သန်းခေါင်တိုင်အောင် အချိန်အခါမရွေး ပြုလုပ်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဘီလီယက်ခုံကစားဝိုင်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မကွေးသား**

### ကုန်တင်ကားကြီးများ သတ်မှတ်ဂိတ်တွင် ရပ်နားသင့်

**စာတည်းခင်ဗျား-**

စစ်ကိုင်းတိုင်း မုံရွာမြို့ ဆူးလေကုန်းရပ် အ-ထ-က အမှတ်(၃) ကျောင်းလမ်း (ရိုးမဘဏ်အနောက်ဘက်လမ်း)သည် မြို့အလယ်တွင်တည်ရှိပြီး ကုန်တင်ကားကြီးများဝင်၊ ထွက်မောင်းနှင်ခွင့် မပြုသော ရပ်ကွက်လမ်းဖြစ်ပါသည်။

ယခုအခါ အဆိုပါ လမ်းပေါ်၌ ကုန်တင်ကားကြီးများ ဂိတ်ဖွင့်၍ တရားမဝင် ရပ်နားထားသောကြောင့် ပတ်ဝန်းကျင်နေသူများနှင့် ခရီးသွားများ အနှောင့်အယှက် ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်တင်ကားကြီးများအား သတ်မှတ်ထားသည့် ကုန်တင်ကားကြီးဂိတ်တွင်သာ ရပ်နားစေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မုံရွာသား**

### နောက်ဖေးလမ်းကြား အမှိုက်များ သိမ်းဆည်းပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း (အထက်လမ်း)နှင့် ၁၂လမ်း (အထက်လမ်း) စံပြရုပ်ရှင်ရုံအနီး နောက်ဖေးလမ်းကြားတွင် အမှိုက်များ စုပုံလျက်ရှိရာ ရေစီးရေလာမကောင်းဘဲ ကြွက်၊ ခြင်၊ ယင်များပေါများပြီး အနံ့အသက်ဆိုးများ ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ၏ ကျန်းမာရေးကိုထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လမ်းကြားမှ အမှိုက်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းစေလိုသူ**

### လက်ဖက်ရည်ဆိုင်မှ အသံချဲ့စက်သံဆူညံ

**စာတည်းခင်ဗျား-**

ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက် ဘူတာ(က)ရပ် စာသင်ကျောင်းအနီးရှိ လက်ဖက်ရည်ဆိုင်သည် နေ့စဉ်မိုးလင်းမှမိုးချုပ် အသံချဲ့စက် နှစ်လုံးဖြင့် သီချင်းများဖွင့်နေသည့်အတွက် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍စည်းကမ်းနှင့်အညီ သီချင်းဖွင့်စေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အသံချဲ့စက်သံမခံနိုင်သူများ**

### အောင်သပြေဈေး အိမ်သာဆောက်ပေးစေချင်

**စာတည်းခင်ဗျား-**

ဧရာဝတီတိုင်း ဘိုကလေးမြို့ရှိ အောင်သပြေဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၃၀၀ ကျော် ရှိသော်လည်း ဈေးအိမ်သာ မရှိပါ။

သို့ဖြစ်ပါ၍ ဈေးသူ၊ ဈေးသားများ ကျန်းမာရေးအတွက် ဈေးအိမ်သာ ဆောက်လုပ်ပေးပါရန် တင်ပြအပ်ပါသည်။

**ဈေးသည်များ**

### ကျူးကျော်ဈေးတန်းသြော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ၅/ရပ်ကွက်နှင့် ၈/ရပ်ကွက် ဖြတ်လမ်း (ရတနာလမ်း) တစ်လျှောက်တွင် ဟင်းမျိုးစုံ ချက်ပြုတ်ကြော်လှော်၍ရောင်းချလျက်ရှိရာ သြော်နံ့နှင့် အမှိုက်သရိုက် အညစ်အကြေး အနံ့ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လမ်းဘေးတစ်လျှောက် ဈေးရောင်းချနေခြင်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

### အသားကင်သြော်နံ့ ဆောင်ရွက်ပြီးစီး

၂-၈-၂၀၀၈ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရန်ကုန်မြို့ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်းမှ **အသားကင် သြော်နံ့ကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

### ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ညောင်လေးပင်မြို့နှင့် ပဲခူးမြို့တို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၀

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်း(အရှေ့ပိုင်း) ညောင်လေးပင်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိရာ ဝန်ကြီးအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ကြိုဆိုကြသည်။**

ထို့နောက် ဝန်ကြီးသည် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ စက်စွမ်းအားပြည့်၊ အချိန်ပြည့်ထုတ်လွှင့်နိုင်ရေး၊ အရုပ်နှင့်အသံ အရည်အသွေးမိမိ ထုတ်လွှင့်နိုင်ရေး၊ စက်ပစ္စည်းများ ဂရုပြုကိုင်တွယ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စက်များအစဉ်ကြံ့ခိုင်စေရန် ဆောင်ရွက်ထားရှိရေး၊ စက်ရုံမီးဘေး၊ လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်များကို အစဉ်ဂရုပြုရေး၊ အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကြိုတင်ကာကွယ် တားဆီးနိုင်ရေးတို့နှင့် စပ်လျဉ်းပြီး အသေးစိတ်မှာကြားခဲ့သည်။



ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပဲခူးတိုင်း(အရှေ့ပိုင်း) ညောင်လေးပင်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် ပဲခူးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိပြီး နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံသည်။ ထို့နောက် စက်ရုံဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး စက်ရုံ၏ စက်စွမ်းအားပြည့် ထုတ်လွှင့်နိုင်ရေးနှင့် လုံခြုံရေးကိစ္စများ မှာကြားခဲ့သည်။ (သတင်းစဉ်)



# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၉-၂၀၀၈ (တနင်္ဂနွေနေ့)**

**(၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) ဝါသနာရှင်(ဒုတိယတန်း) အဆင့် (အမျိုးသား)
- ၈း၃၀ ၈။ International News.
- ၈း၄၀ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၂၀ ၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာ ကုဋေကုဋာ" (အပိုင်း-၆)**
- ၁၂း၃၀ ၅။ **"နတ်ဝိညာဉ် စစ်ဆင်ရေး" (နိုင်းနိုင်း၊ကျော်ဇော ဟိန်း၊ မင်းရာဇာ၊ မြင့်မိုရ်၊ မေသန်းနု၊ တင့်တင့်ထွန်း၊ မျိုးစန္ဒီကျော်၊ စိုးမိုးကြည်၊ အေးဝတ်ရည်သောင်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ- မောင်မောင်ဦး)(စနိုးဗိုက်)**
- ၃း၀၀ ၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၄း၄၅ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၅၅ ၆။ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ရန်ကုန်တိုင်း အခြေခံပညာကျောင်း များ ဝတ်ရွတ်ပြိုင်ပွဲ (ပထမဆု) (အထက-၂၊ လသာ) (လသာရတနာ ဝတ်အသင်း)
- ၅း၁၅ ၇။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) ဝါသနာရှင်(ဒုတိယတန်း) အဆင့် (အမျိုးသား)
- ၅း၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၄၀ ၁၁။ လူနတ်နှစ်လီတစ်ရစ်စီ ရွှေနတ်တောင်စေတီ
- ၆း၅၀ ၁၂။ တေးဂီတအစီအစဉ်
- ၇း၀၅ ၁၃။ လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ မိုးစပါးအကူ ထွန်ယက်စိုက်ပျိုးရေး
- ၇း၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၃၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၂၄)**
- ၁၉။ အစီအစဉ်ပြီး၏။

# သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

**ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို ယနေ့ နံနက်ပိုင်းတွင် အသင်းရုံးခန်းမ၌ ကျင်းပသည်။**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၈ တွင် အမှာစကား ပြောကြားစဉ်။** (စွမ်းအင်)

ရှေးဦးစွာ အခမ်းအနားကို အသင်းဝင် လူငယ်လေးများက "ပြည်မြန်မာ"သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး ခရိုင်အတွင်းရေးမှူးက အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ သာယာဝတီခရိုင်အတွင်းမှ ခြောက်ဘာသာဂုဏ်ထူး ရရှိသူ သုံးဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၂ ဦးနှင့် မြို့နယ်အလိုက် ပထမရရှိသူ ရှစ်ဦးတို့ကို ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက အသင်း၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် အစည်းအဝေးဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာအပေါ် အကြံပြုတင်ပြဆွေးနွေးခြင်း၊ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ အထိမ်းအမှတ်ဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၀**

ဆရာဝန်အသင်း(ဗဟို)က ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဘက်စုံခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးသိန်းထွဋ်က အမှာစကားပြောကြားပြီး ပညာရပ်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဦးကိုကိုမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အသင်းကို ကူညီပံ့ပိုးပေးသော သွားတိုက်ဆေးကုမ္ပဏီများအား အသင်းဥက္ကဋ္ဌက ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဆက်လက်၍ Symposium on Diastema-The Gap which is Problematic for Dental Practitioners ခေါင်းစဉ်ဖြင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဦးမျိုးဝင်း၊ မေးရိုး၊ သွားနှင့်ခံတွင်း ခွဲစိတ်ကုပညာပါမောက္ခ ဦးကိုကိုမောင်နှင့် သွားကုသမှုပညာပါမောက္ခ(ငြိမ်း) ဦးပွင့်ဖူးတို့က ဟောပြောဆွေးနွေး ပို့ချကြသည်။ (သတင်းစဉ်)

**✳ ကျောဖုံးမှ**

ခဲ့ပြီးဖြစ်ကြောင်း၊ အားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုသည် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ အားကစားအောင်နိုင်မှုသည်လည်း နိုင်ငံသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ်ကို လှစ်ဟပြသနိုင်ကြောင်း၊ တစ်ချိန်က မိမိတို့နိုင်ငံ၏ ဘောလုံးအသင်းသည် အောင်မြင်မှုအရှိန်အဟုန် ကြီးမားခဲ့ဖူးကြောင်း၊ အရှေ့တောင်အာရှနှင့် အာရှ ပြိုင်ပွဲများတွင် အကြိမ်ကြိမ် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ထိုခေတ်အခါက မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် တပ်မတော်သားများသည် အမာခံအဖြစ် ပါဝင်ခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံ လက်ရွေးစင်ဘောလုံးအသင်း၏ နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှုကိုကြည့်လျှင် ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် မဲခေါင်ဒေသ (၅)နိုင်ငံချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ရှုံးပွဲလုံးဝမရှိဘဲ အနိုင်ရ ဗိုလ်စွဲခဲ့ကြောင်း၊ မလေးရှားနိုင်ငံ၌ ကျင်းပသည့် (၃၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့ကြောင်း၊ မာဒေးကားဘောလုံးပွဲသမိုင်းတစ်လျှောက် ဗိုလ်လုပွဲ ရှစ်ကြိမ် တက်ရောက်ခဲ့ကာ လေးကြိမ်တိတိ အနိုင်ရ ဗိုလ်စွဲခဲ့ဖူးသည့် အသင်းဖြစ်ကြောင်း၊ ထိုသို့ အောင်ပွဲများရရှိခဲ့သည့် ဘောလုံးအသင်းများတွင် တပ်မတော်သား အားကစားသမားများလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ နိုင်ငံလက်ရွေးစင် ဘောလုံးအသင်းတွင် ပါဝင်ယှဉ်ပြိုင်ကစားပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် အားကစားသမားများအဖြစ် ရွေးချယ်ခံရအောင် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း၊ အားကစားလောကတွင် ထူးချွန်အောင်မြင်ရန်အတွက် အဓိကလိုအပ်ချက်သည် စိတ်ဓာတ်နှင့်စည်းကမ်း ကောင်းမွန်ရေးပင်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှုသာ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းရည်ထက်မြက်သည့် အားကစားသမားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အားကစားအဆင့်အတန်း တိုးတက်အောင်မြင်မှုသည် နိုင်ငံနှင့် လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ပေးသည့် ဂုဏ်ဒြပ်ဖြစ်သဖြင့် အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူ ကြိုးပမ်းကြရန်လိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်စွာ အားကစားစိတ်ဓာတ် အပြည့်ဖြင့် ယှဉ်ပြိုင်ကစားကြပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အဖြစ်မှသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် ဘောလုံးသမားကောင်းများဖြစ်အောင် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသွားသည်။

**ချီတက်အလေးပြု**

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်အား ပြိုင်ပွဲဝင် ဘောလုံးအသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

**● စစ်ကိုင်းတိုင်းမှ**

ဆန်တွေ ရှားမယ်၊ ဆန်ဈေးတွေ တက်မယ်လို့ လူထုက စိုးရိမ်ခဲ့ကြပေမယ့် လက်ရှိမြင်တွေ့နေရတဲ့အတိုင်း ဆန်တွေဖူလုံနေပြီး ဈေးနှုန်းဟာလည်း တည်ငြိမ်နေတဲ့အပြင် ကျရိပ်တောင် ရှိနေပါတယ်။ အောက်တိုဘာလမှာ မြန်မာပြည်အောက်ပိုင်း ဒေသများက ကောက်စောစပါး ထွက်ရှိလာတော့မှာမို့ ဆန်နဲ့ပတ်သက်ပြီး ပူပင်စရာလုံးဝ မရှိပါဘူး”ဟု ကြေးမုံသတင်းအဖွဲ့အား ရှင်းပြခဲ့သည်။

စစ်ကိုင်းတိုင်းတွင် နွေစပါးများ ဖြစ်ထွန်းအောင်မြင်လာသည့်အတွက် အထက်မြန်မာပြည်၏ အားထားရသော စပါးကျီကြီးတစ်ခုသဖွယ် ဖြစ်လာခဲ့သည်။ ၎င်းဒေသမှ ထွက်သောဆန်ကို မန္တလေးတိုင်း၊ မကွေးတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းအထိ ဖြန့်ဖြူးနိုင်ခဲ့ခြင်းကြောင့် အထက်ဘက်တွင် ပြည်တွင်းစားသုံးမှု ဆန်ဖူလုံပြီး ဈေးနှုန်းလည်း တည်ငြိမ်စွာ ရှိနေသည်။

၎င်းဒေသများသို့ ယခင်က ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့မှ ဆန်အိတ်ပေါင်း ၂၅၀၀၀ နေ့စဉ်ပို့နေရသော်လည်း ယခုအခါ အထက်ဒေသတွင် မထွက်သော ပေါ်ဆန်းနှင့် ဇီယာဆန် အိတ် ၅၀၀၀ ဝန်းကျင်သာ ပို့ဆောင်ပေးရသည်။ ထို့အပြင် ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းတို့မှလည်း စပါးအထွက်နှုန်း မလျော့သည့်အတွက် ပြည်တွင်းစားသုံးရန် ဆန်များဖူလုံစွာ ရှိနေကြောင်း ကြားသိခဲ့ရသည်။ စက်တင်ဘာ ၁၇ ရက်တစ်ရက်တည်းပင် ကုန်စည်ဒိုင်ကြီးသို့ ထိုတိုင်း သုံးတိုင်းမှ ဆန်အိတ်ပေါင်း ၄၅၅၁၀ အဝင်ရှိသည်။

ဆန်ဈေးနှုန်းမှာ ဖျာပုံ၊ ဒေးဒရဲ၊ ဝါးခယ်မ၊ဘိုကလေးထွက် ပေါ်ဆန်း တစ်မျိုးတည်းပင် ဈေးမတူကြောင်း တွေ့မြင်ရသည်။ ပေါ်ဆန်း ဆန်ကောင်း တစ်တင်းခွဲ တစ်အိတ်လျှင် ကျပ် ၂၂၅၀၀ မှ ၃၄၈၀၀၊ ရေစိုဆန် ကျပ် ၁၄၀၀၀ မှ ၁၆၀၀၀၊ ပေါ်ကျွဲဆန်ကောင်း ကျပ် ၂၁၄၀၀ မှ ၂၂၇၀၀၊ ရေစိုဆန် ကျပ် ၁၄၅၀၀ မှ ၁၅၀၀၀ ဖြစ်၍ ညော့မထဆန်ကောင်း ကျပ် ၁၄၀၀၀ မှ ၁၇၅၀၀၊ ရေစိုဆန် ကျပ် ၁၂၅၀၀ မှ ၁၅၅၀၀ ဖြစ်သည်။

**ဆီဈေး**

စားအုန်းဆီဈေးနှုန်းမှာ ရပ်ကွက်ကိုယ်စားလှယ်ဆိုင်များတွင် တစ်ပိဿာ ၂၅၄၇ ကျပ်ဖြစ်ပြီး ပြင်ပဈေးကွက်တွင် တစ်ပိဿာကျပ် ၂၈၅၀ ဖြစ်သည်။ ယခုရာသီမှာ ပဲများ ပေါ်နေသည့်အတွက် ဆီဈေးနှုန်းလည်း ကျဆင်းနေပါသည်။ မြေပဲဆီ(ရှယ်) တစ်ပိဿာကျပ် ၄၂၅၀၊ ရိုးရိုးပဲဆီ တစ်ပိဿာ ကျပ် ၄၀၀၀ အဖြစ် လက်လီဆိုင်များတွင် ရောင်းချနေသည်ကို တွေ့မြင်ခဲ့ရသည်။

ထိုင်းနိုင်ငံမှ ဝင်သော ပုစွန်နှစ်ကောင် သုံးပိဿာဝင် စားအုန်းဆီ တစ်ပုံး ကျပ် ၉၃၀၀ဖြစ်ပြီး ကုမ္ပဏီထုတ် ရွှေ၊ ရန်ကုန်၊ ဧရာဝတီ ပဲဆီသန့်များမှာ ကျပ် ၄၂၀၀ မှ ၄၄၀၀ အထိ ဈေးရှိနေသည်။



**အရောင်းအဝယ်ဖြစ်နေ**

**ကိုင်းတန်းလမ်း ဆန်စပါးကုန်စည်ဒိုင်ကြီးတွင် ချက်ပြီးသား နမူနာဆန်(ထမင်း)များ၊ နမူနာဆန်အိတ်ငယ်လေးများဖြင့် ပြသ၍ အရောင်းအဝယ်ဖြစ်နေကြသည်။**



**အစုလိုက် အပုံလိုက်**

**ဘုရင့်နောင် ကြက်သွန်နီကုန်စည်ဒိုင်ကြီးတစ်ခုတွင် ကြက်သွန်နီအိတ်များက အစုလိုက် အပုံလိုက်။**

**ကြက်သွန်အဖြူ အနီ**

ဘုရင့်နောင်ပွဲရုံ ရေတမာလမ်းသို့ ဝင်ခဲ့ရာ ကြက်သွန်ကုန်သည်ကြီး တစ်ဦးထံမှ ကြက်သွန်နီဈေးမှာ ယခုအပတ်အတွင်း တက်ရိပ်မရှိကြောင်း ကြားသိရသည်။ ကြက်သွန်နီကို ဆိတ်ဖြူ မြင်းခြံမြို့နယ်မှ အများဆုံး ထွက်ပြီး တောင်သာ၊ ပခုက္ကူ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ဆင်ဖြူကျွန်း၊ မလှိုင်၊ မင်းဘူး၊ တောင်တွင်းကြီး၊ ပျော်ဘွယ်တို့မှလည်း ရန်ကုန်ဈေးကွက်ကိုကြည့်၍ နေ့စဉ် ကားကြီးငါးစီးမှ အစီး ၂၀ အထိ ဝင်လျက်ရှိသည်။ ကြက်သွန်နီ အလတ် တစ်ပိဿာကျပ် ၂၅၀မှ ကျပ် ၃၀၀၊ အလတ်(သန့်) ၃၅၀ကျပ်မှ ကျပ် ၄၀၀၊ အလတ်ကြီး ၃၈၅ ကျပ်မှ ၄၃၅ ကျပ်၊ ရှယ် (ဟိုတယ်သုံး) ၄၇၅ကျပ် မှ ကျပ် ၅၀၀ အထိ လက်ကားဈေးနှုန်း ရှိသည်။

ကြက်သွန်ဖြူမှာ အောင်ပန်း၊ ဟဲဟိုး၊ တောင်ကြီး၊ ကြူကုတ်တို့မှ နေ့စဉ်ဝင်နေကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမှထွက်သော ကြက်သွန်ဖြူကို လူကြိုက်များကြောင်း သိရသည်။ ဈေးနှုန်းအားဖြင့် အသေး(ထူးတစ်လုံး) တစ်ပိဿာ ကျပ် ၂၀၀၊ အလတ် (ထူးနှစ်လုံး) ကျပ် ၃၀၀၊ အကြီး(ထူးသုံးလုံး) ကျပ် ၄၀၀ ဖြစ်ပြီး ရှမ်းတစ်ပိဿာ ကျပ် ၇၀၀၊ ကြူကုတ် တစ်ပိဿာ ကျပ် ၈၀၀ ဖြစ်သည်။

**အာလူး**

ရှမ်းပြည်နယ် အောင်ပန်း၊ ဟဲဟိုးမှ အာလူးများ ယခုရာသီတွင် အဝင်များလျက်ရှိရာ တစ်နေ့ ကားကြီးငါးစီးမှ ၁၀ စီးအထိ ဝင်လျက်ရှိသည်။ ရန်ကုန်ဈေးကွက်ပေါ်မူတည်၍ ၁၅ စီးအထိ ဝင်သည့်ရက်များလည်း ရှိခဲ့သည်။ ဈေးနှုန်းအားဖြင့် အာလူးအသေး ကျပ် ၁၅၀မှ ၁၆၀၊ အလတ် ကျပ် ၁၈၀ မှ ၂၀၀၊ အကြီး ကျပ် ၂၈၀ မှ ၃၀၀၊ အကြီး(သန့်) ကျပ် ၃၄၀ မှ ၃၅၀၊ ဟိုတယ်သုံး ကျပ် ၃၆၀ မှ ၃၈၀ အထိ လက်ကားဈေးနှုန်းဖြင့် ရောင်းချနေကြသည်။

**ငရုတ်ဈေးကွက်**

ဘုရင့်နောင် ကုန်စည်ဒိုင်ကြီးသို့ ကျောက်ဆည်၊ မိတ္ထီလာ၊ ရွှေလောင်း၊ ပန်းတနော်၊ ဝါးခယ်မ၊ ဒိုက်ဦး၊ ဆင်ဖြူကျွန်းတို့မှ ငရုတ်ရှည်၊ ငရုတ်ပု၊ ငရုတ်ပွများလည်း နေ့စဉ် ကားကြီး၊ ကားငယ်များဖြင့် ဝင်လျက်ရှိသည်။ ငရုတ်ရှည် တစ်ပိဿာ ကျပ် ၁၆၀၀ မှ ၁၇၀၀၊ ငရုတ်ပု (စက) တစ်ပိဿာ ကျပ် ၁၄၀၀မှ ၁၅၀၀၊ ငရုတ်ပွ(စိမ်းစား) တစ်ပိဿာ ကျပ် ၁၈၀၀ မှ ၂၀၀၀ အထိ ရောင်းဈေးရှိသည်။

**ငါးခြောက်**

ငါးခြောက်ဈေးကွက်ကို သိလိုသည့်အတွက် ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးကြီး အပေါ်ထပ် ငါးခြောက်တန်းသို့ ဝင်ခဲ့ရာ ရောင်းသူ ဝယ်သူတို့ဖြင့် စည်ကားနေသည်ကို တွေ့မြင်ရသည်။

မြန်မာ့အကြိုက် ငါးခြောက်ဆိုင်မှ ကိုသောင်းမြင့်ဦးက ယခုရာသီသည် ကြားကာလဖြစ်၍ ငါးခြောက် အဝင်နည်းကြောင်း၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် အဝင်များလာ၍ ပစ္စည်းလည်းပေါ၊ ဈေးလည်းချိုကြောင်း သိရသည်။ယခုအချိန်တွင် မော်လမြိုင်ထွက် အာပြဲခြောက် တစ်မျိုးတည်းသာ များများစားစား ဝင်လျက်ရှိသည်။

အာပြဲခြောက် (အသန့်) တစ်ပိဿာ ကျပ် ၃၀၀၀ မှ ၃၅၀၀၊ ငါးကွန်းရှပ် (ရှယ်) ကျပ် ၁၀၀၀၀ မှ ၁၃၀၀၀၊ ရခိုင်ခြောက် ကျပ် ၂၅၀၀ မှ ၃၃၀၀၊ ငါးကျည်းခြောက် ကျပ် ၁၂၀၀၀မှ ၂၀၀၀၀၊ ငါးကြင်းခြောက် ကျပ် ၄၅၀၀ မှ ၆၀၀၀၊ ငါးရံ့ခြောက် (အလုံး) ကျပ် ၇၀၀၀ မှ ၉၀၀၀၊ ငါးရံ့ခြောက် (အပြား) ကျပ် ၁၁၀၀၀ မှ ၁၅၀၀၀ ဖြစ်ပါကြောင်း ဈေးကွက် သတင်းအဖြစ် ကွင်းဆင်းရေးသား ဖော်ပြလိုက်ရပါသည်။

## အင်တာနက် အာကာသသိပ္ပံနှင့် နည်းပညာ

**နောက်ဆုံးရ သတင်းများ**

## ဂလက်ဆီခေါ် နဂါးငွေ့တန်း ကြယ်စုများအတွင်း အရာဝတ္ထုမှန်သမျှ စုပ်ယူနိုင်သည့် တွင်းနက်များတွေ့ရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၀**

ဂလက်ဆီခေါ် နဂါးငွေ့တန်း ကြယ်စုများအတွင်းရှိ အရာဝတ္ထုမှန်သမျှကို စုပ်ယူနိုင်သည့် တွင်းနက်များနှင့်ပတ်သက်ပြီး အသေးစားတွင်းနက်များနှင့် မဟာတွင်းနက်များကြားရှိ ကွာခြားချက်များအား သိပ္ပံပညာရှင်က ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။ **(အောက်ပုံ)**

ပထမဆုံးတွေ့ရှိမှုအရ ကမ္ဘာနှင့်အလင်း နှစ်သန်း ၅၀၀ ဝေးကွာသည့် ဂလက်ဆီမှပြင်းထန်သည့်အိတ်စရေးတစ်ခုကို တွေ့ရှိကာ ယင်းမှာ ကြီးမားသည့်တွင်းနက်မှ ထုတ်လွှင့်ခြင်းဖြစ်ကြောင်း၊ အထက်ပါ အိတ်စရေးကြိမ်နှုန်းမှာ တွင်းနက်မှ စုပ်ယူလိုက်သည့် ဓာတ်ငွေ့မှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်းနှင့် ထိုဂလက်ဆီ၏ အမည်မှာ REJ 1034+396 ဟု သိပ္ပံပညာရှင်များက အမည်ပေးထားသည်။ အိတ်စရေးကြိမ်နှုန်း တိုင်းတာမိမှုများမှာ တွင်းနက်အသေးစားများအတွက် အလေ့အထတစ်ခုလိုဖြစ်နေသော်လည်း မဟာတွင်းနက်များမှ ထုတ်လွှင့်မှုအား ယခုအကြိမ်တွင် ပထမဆုံးအဖြစ် ဖော်ထုတ်နိုင်ခြင်းဖြစ်သည်။ ကမ္ဘာတွင်ရှိသည့် နဂါးငွေ့တန်း ဂလက်ဆီကဲ့သို့ပင် အခြားသောဂလက်ဆီများ၏ ဗဟိုတွင် ယင်းကဲ့သို့ မဟာတွင်းနက်များ ရှိနေတတ်ကြောင်း သိရသည်။

အာကာသ သိပ္ပံပညာရှင်များသည် တွင်းနက်များအကြောင်းကို လွန်ခဲ့သော ဆယ်စုနှစ် သုံးခုလောက်ကပင် လေ့လာနေခဲ့ခြင်းဖြစ်ပြီး ယင်းတို့ရှိသည့်နေရာ၌ ဓာတ်ငွေ့များပြင်းထန်စွာ ပူလာပြီး ရှိသမျှအရာအားလုံး စုပ်ယူကာ စကြဝဠာအတွင်းမှ အပြီးတိုင် ကွဲသွားတတ်ကြောင်း၊ ယင်းသို့မပျောက်ကွယ်မီ အချိန်အတွင်း အိတ်စရေးကိုထုတ်လွှင့်တတ်ကြောင်း လေ့လာမှုအရ သိရသည်။ ***အင်တာနက်။***



## ပြင်ပတွင် အေးခဲထားသည့် ဖန်ပြွန်သန္ဓေသားလောင်း ကမ္ဘာတွင် တတိယအကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၌ မွေးဖွား

**ဒါကာ စက်တင်ဘာ ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်၌ ပြင်ပတွင် အေးခဲထားသော ဖန်ပြွန်သန္ဓေသားလောင်းကို မိခင်သားအိမ်အတွင်းသို့ ထိုးသွင်းထားသည့် မျိုးဥမှ ပထမဆုံးအကြိမ် ရင်သွေးငယ်တစ်ဦးကို မွေးဖွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



မိခင် ဝမ်းဗိုက်အတွင်း ရက်သတ္တပတ် ၃၇ ပတ်ကျော် ရှင်သန်ခဲ့သော ၃ ဒသမ ၂ ကီလိုဂရမ် အလေးချိန်ရှိ မိန်းကလေးငယ်ကို ဒါကာမြို့တော်ရှိ မော်ဒန်ဆေးရုံမှ ဆရာဝန်များက သောကြာနေ့ နေ့လယ်ပိုင်းတွင် ဗိုက်ခွဲမွေးဖွားပေးခဲ့ကြသည်။

လွန်ခဲ့သော ငါးနှစ်ကျော်က လက်ထပ်ခဲ့သော ရင်သွေးငယ်၏ မိဘများသည် သားသမီး မဖြစ်ထွန်းသဖြင့် ဖန်ပြွန်သန္ဓေသားနည်းလမ်းဖြင့် ကိုယ်ဝန်ဆောင်ရန် ယမန်နှစ်က ဆုံးဖြတ်ခဲ့ကြသည်။ ယခုကဲ့သို့ ဖန်ပြွန်သန္ဓေသားလောင်းမှ သားသမီးရယူခြင်းကို ၁၉၈၄ ခုနှစ်၌ ဩစတြေးလျတွင် တစ်ကြိမ်နှင့် စင်ကာပူ၌ ၁၉၈၇ ခုနှစ်တွင် တစ်ကြိမ် အောင်မြင်စွာ မွေးဖွားခဲ့ပြီးဖြစ်သည်။

***အင်တာနက်။***

# ဝန်ကြီးဗိုလ်ချုပ်စောထွန်း ရွှေဘို-မြစ်ကြီးနားလမ်း ပြုပြင်ထိန်းသိမ်းမှုနှင့် နန့်ခွင်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ဟိုပင်မြို့မှ ထွက်ခွာ၍ ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၂၁၃/၁)၌ လမ်းမျက်နှာပြင် ချောင်းကျောက်တင်ခင်းကြိတ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော နန့်ခွင်ချောင်းတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ကြီးအား တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)မှ အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်က တံတားလုပ်ငန်းများ ဆောင်ရွက်မှုလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။**

ယင်းနောက် ဝန်ကြီးက တံတားလုပ်ငန်းများဆောင်ရွက်ရာတွင်အချိန်ကြန့်ကြာမှုမရှိအောင်ဆောင်ရွက်ရန်၊ တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်နေစဉ် အခြားဆက်စပ်လုပ်ငန်းများကိုပါ စီမံချက်ရေးဆွဲ ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ နန့်ခွင်ချောင်း တံတားအမျိုးအစားမှာ အပေါ်ထည် သံပေါင်နှင့် အောက်ခြေ ရေတွင်းခွေအုတ်မြစ်ဖြင့် တည်ဆောက်ထားပြီး တံတားအရှည် ၂၆၂ပေခြောက်လက်မ၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၃၅ တန်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါလမ်းပေါ်ရှိ မိုးကောင်းတံတားကြံ့ခိုင်မှုနှင့်ရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး နမ္မတီး-တနိုင်းလမ်းပေါ်ရှိ ယုဇနကုမ္ပဏီ စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်း လုပ်ငန်း ဆောင်ရွက်မှု အခြေအနေနှင့် တံတားများပြုပြင်ထိန်းသိမ်းမှုအခြေအနေများကိုရှင်းလင်းတင်ပြရာဝန်ကြီးက မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းသည် အဓိကကျသည့် လမ်းဖြစ်သည့်အတွက် လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းမှုအပိုင်းကို ဦးစားပေး ဆောင်ရွက်ရန် မှာကြားပြီး အဆိုပါလမ်းပေါ်ရှိ ဝရဇ္ဇပ်တံတား အခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ခွဲစိတ်ခန်းတွင်အသုံးပြုရန် မီးစက်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

မုံရွာစက်မှုဇုန် Peace Brothers စက်မှုလက်မှုမိသားစု လုပ်ငန်းပိုင်ရှင် ဦးဝင်းထွန်းအောင် - ဒေါ်ဝင်းလဲ့ဖြူ မိသားစုကမုံရွာမြို့ပြည်သူ့ဆေးရုံကြီးရှိခွဲစိတ်ခန်းတွင်အသုံးပြုရန် ငွေကျပ် ၂၉ သိန်းတန်ဖိုးရှိ ၁၅ ကီလိုဝပ် မီးစက်တစ်လုံး လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက်က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး နှစ်ထပ်တိုးချဲ့ဆောင်သစ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မုံရွာပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကျော်မြင့်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အလှူရှင် မိသားစုနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆက်လက်၍ အလှူရှင် ဦးဝင်းထွန်းအောင်က မီးစက်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီး မီးစက်ကို လှူဒါန်းရာ တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်က လက်ခံသည်။

(ခရိုင်ပြန်/ဆက်)

**သီပေါမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ စာသင်ကျောင်းများ၌ မူခင်းပညာပေးဟောပြောပွဲနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက်က ဘော်ကြိုကျေးရွာ၌ကျင်းပရာ သီပေါမြို့နယ် ရဲစခန်းမှူး ရဲအုပ်ကံမြင့်နှင့် တပ်ဖွဲ့ဝင်များက မူခင်းကြိုတင်ကာကွယ်တားဆီးရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ပညာပေးဟောပြောစဉ်။** (မြို့နယ်စာပေစာနယ်ဇင်း)



# စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဆင်း သုတရသ စာအုပ်၊ စာစောင် လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

ပုသိမ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်းပွဲနှင့် သုတ၊ ရသ စာအုပ်စာစောင် လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က ပုသိမ်ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

## မှာကြား

ရှေးဦးစွာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးငွေထွန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာဖွံ့ဖြိုးစေရေး၊ စာကြည့်တိုက်မှူးကောင်းများ ဖြစ်ရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာယသတ္တိ၊ စိတ္တသတ္တိ၊ စာရိတ္တသတ္တိများ၊ အလေ့အကျင့်မှ အလေ့အထကောင်းများ ဖြစ်ရေးတို့ကို မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆု ရရှိသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးငွေထွန်းထံအလှူရှင်ဒေါ်ညွန့်ညွန့်သိန်းက သုတ၊ ရသ စာအုပ်စာစောင် ၅၃၀ ကို ပေးအပ် လှူဒါန်းသည်။ **(အပေါ်ပုံ)** (ခရိုင်ပြန်/ဆက်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၁-၉-၂၀၀၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၃၀ ၄။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ဝေးလွင့်သွားသော အိပ်မက်များ
- ၁၃း၅၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၁၃း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
- ၁၄း၀၀ ၇။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၃၀ ၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၄း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သံယောဇဉ်နှောင်ကြိုး(အပိုင်း-၈)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း -စိတ်၏စေရာ (၁၀၂) အပိုင်း(၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

### e-Education Learning Centre သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာ မှ သောကြာ)- ၈း၀၀ နာရီမှ ၁၀း၀၀ နာရီထိ
(စနေ၊ တနင်္ဂနွေ)- ၈း၀၀ နာရီမှ ၁၂း၃၀ နာရီထိ

**၂၂-၉-၂၀၀၈ (တနင်္လာနေ့)**

❖ Psycholinguistics(3,4,5)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❖ Error Analysis(1,2,3)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

**၂၃-၉-၂၀၀၈ (အင်္ဂါနေ့)**

❖ Asking For and Giving Direction
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❖ Making Offers and Request I+II
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❖ Making Suggestions
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❖ Making Comparison
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

**၂၄-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

❖ Talking About Past Habits
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❖ Talking About Future Plans and Intentions
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❖ Talking About Leisure Activities
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

**၂၅-၉-၂၀၀၈ (ကြာသပတေးနေ့)**

❖ Describing Places
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❖ Talking About Families
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❖ Expressing Likes and Dislikes
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

**၂၆-၉-၂၀၀၈ (သောကြာနေ့)**

❖ Teaching Drama (I) + (2)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

❖ Teaching Drama (3)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

**၂၇-၉-၂၀၀၈ (စနေနေ့)**

❖ History of Psychology
- ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား/ကျောင်းသူများ

❖ Memory I
- ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား/ကျောင်းသူများ

❖ Memory II
- ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား/သူများ

❖ The Earth and its Movement
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား/သူများ

❖ Condensation
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား/သူများ

❖ The Global Ocean
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား/သူများ

❖ Landform Classification
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား/သူများ

**၂၈-၉-၂၀၀၈ (တနင်္ဂနွေနေ့)**

❖ Health Care and Health Services
- ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား/သူများ

❖ The Family
- ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား/သူများ

❖ Nutrition
- ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား/သူများ

❖ Keynesian Policy Applied to the Economy
- ဒုတိယနှစ် ပြည်သူ့ရေးရာအထူးပြု ကျောင်းသား/သူများ

❖ Management Science in Decision Making
- ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား/သူများ

❖ Nature of Management
- ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား/သူများ

❖ Income & Expenditure A/C
- ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား/သူများ

# မြန်မာလိဂ်ဘောလုံးပြိုင်ပွဲ ရထားနှင့် သစ်တော သရေကျ

**သတင်းနှင့်ဓာတ်ပုံ-ကိုကိုစိုးညွန့်**

ရန်ကုန် စက်တင်ဘာ ၂၀

**၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ့မီးရထားနှင့် သစ်တောရေးရာတို့ သရေပွဲဖြစ်သွားသည်။**

**မြန်မာ့မီးရထားအသင်း-တစ်ဂိုး**
**(သန့်ဇင်ထွန်း)**
**သစ်တောရေးရာအသင်း-တစ်ဂိုး**
**(ထွန်းမင်းဦး)**
**ဒိုင်လူကြီး-ဦးဝင်းကျော်ဦး**

လူငယ်အားကစားသမားအများစုဖြင့် ဖွဲ့စည်းထားပြီး အဆင့်မြင့်တန်းတွင် ရလဒ်ကောင်းများရရှိလေ့ရှိသည့် မြန်မာ့မီးရထားအသင်းမှာ ယခုနှစ်ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်တွင် အနိုင်ရလဒ်ကို မရယူနိုင်ခဲ့သော်လည်း သရေတစ်မှတ်ကို ရယူနိုင်ခဲ့သည်။ ယမန်နှစ်ပြိုင်ပွဲတွင် ရလဒ်ပိုင်းဆိုးရွားခဲ့မှုကြောင့် ယခုနှစ်တွင် ကစားသမားသစ်ဖြည့်တင်းမှု အပါအဝင် ပြင်ဆင်မှုများပြုလုပ်ထားသည့် သစ်တောရေးရာအသင်းမှာ ဂိုးစတင်သွင်းယူနိုင်ခဲ့သော်လည်း အနိုင်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

သစ်တောရေးရာအသင်းတွင် အသစ်ခေါ်ယူထားသည့် ကမ္ဘောဇမှ ထွန်းမင်းဦး အပါအဝင် အောင်လတ်သူ၊ ညီညီစိုး၊ နန္ဒလင်းကျော်ချစ်၊ စည်သူမောင်တို့ဖြင့် လူစုံပါဝင်ခဲ့ပြီး မြန်မာ့မီးရထားအသင်းတွင်လည်း မဲခေါင်ချန်ပီယံအသင်းမှ စိုးမင်းနိုင်အပါအဝင် သန့်ဇင်ထွန်း၊ အောင်မျိုးမင်းတို့ဖြင့် အမာခံများကို ပွဲထုတ်ခဲ့သည်။

ပွဲအစပိုင်းတွင် မြန်မာ့မီးရထားအသင်းက ခြေသာသယောင်ရှိသော်လည်း နောက်ပိုင်းတွင် သစ်တောအသင်းက အသာစီးမှ ကစားနိုင်လာသည်။ သစ်တောအသင်းအတွက် ဦးဆောင်ဂိုးကို ၂၈မိနစ်တွင် တိုက်စစ်မှူးသစ် ထွန်းမင်းဦးက ညီညီစိုး၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ သစ်တောအသင်း၏ ကန်သွင်းချက်များမှာ တိုင်တစ်ကြိမ်ထိပြီး ကျန်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် သစ်တောက အနိုင်တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းမှာ ပထမပိုင်းနှင့် ပြောင်းပြန်ဖြစ်သွားပြီး မြန်မာ့မီးရထားက သစ်တောကို အသာစီးမှကစားနိုင်လာခဲ့သည်။ မီးရထားအတွက် ချေပဂိုးကို ဒုတိယပိုင်းအစ ၂မိနစ်မှာပင် ရရှိခဲ့ပြီး သန့်ဇင်ထွန်းက ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် မြန်မာ့မီးရထား ဂိုးရနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ တစ်ဂိုးစီသရေဖြင့်အဆုံးသတ်ခဲ့ရခြင်းဖြစ်သည်။

**(၂၂-၉-၂၀၀၈)**
**(သုဝဏ္ဏကွင်း)**
**ဆက်သွယ်ရေး-ပြည်ထဲရေး**
**(အောင်ဆန်းကွင်း)**
**ဘဏ္ဍာ/အခွန်-Air Bagan F.C**
(ကြေးမုံ)



**သစ်တောရှေ့တန်းလူ ခိုင်ဇော်ထွန်း မြန်မာ့မီးရထား နောက်ခံ လူနှစ်ဦးကိုကျော်၍ ခေါင်းတိုက် ဂိုးသွင်းရန် ကြိုးစားစဉ်။**

## ပရီမီယာလိဂ် ပွဲစဉ်(၅) ရလဒ်များ ၂၀-၉-၂၀၀၈ (စနေနေ့)

| | | | |
|---|---|---|---|
| ဘလက်ဘန်း | ၁-၀ | ဖူလ်ဟမ် |
| ဆန်းဒါးလန်း | ၂-၀ | မစ်ဒယ်ဘရော့ |
| လီဗာပူး | ၀-၀ | စတုတ်စီးတီး |
| ဝက်စ်ဟမ်း | ၃-၁ | နယူးကာဆယ် |
| ဘော်လ်တန် | ၁-၃ | အာဆင်နယ် |

*အင်တာနက်။*

## အခြေခံဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၀**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးဖွင့်လှစ်မည့် အခြေခံဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်း (၁/၂၀၀၈)ကို အောက်တိုဘာ ၁၀ ရက်မှစ၍ ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို မည်သည့်ဘတ်စကက်ဘောပြိုင်ပွဲတွင်မဆို ပါဝင်ကစားဖူးသူ၊ အသက်(၃၅)နှစ်အောက်ရှိသူ မည်သူမဆိုတက်ရောက်နိုင်ပြီး သင်တန်းကာလ နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများ၏ နေထိုင် စားသောက်စရိတ်များကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ အကုန်အကျခံဆောင်ရွက်ပေးမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ သင်တန်းကို အောက်တိုဘာ ၁၀ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သောကြောင့် စာရင်းပေးသွင်းထားသူများ အနေဖြင့် အောက်တိုဘာ ၉ရက် ထက် နောက်မကျဘဲ ကျိုက္ကဆံအားကစားရုံသို့ လာရောက်ကြရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၁၀၆၁နှင့် ၀၉၅၁-၅၉၅၉၄ တို့သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။(ကြေးမုံ)

## အားကစားသတင်းများ

## မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့၏ဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကျင်းပမည့် "Current Concepts; Traumatic Wound Infection" ဟောပြောပွဲကို စက်တင်ဘာ ၂၇ရက်(စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် ဆေးတက္ကသိုလ် (၁)လမ်းမတော် အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်(၂) အဏုဇီဝဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ် အဏုဇီဝဗေဒဌာနတို့၌ နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း(သို့မဟုတ်) ဟောပြောမည့်နေ့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၊ သိမ်ဖြူလမ်း၌ မှတ်ပုံတင်နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် မငြိမ်မသက်မှုများရှိလာနိုင်သည်

နေပြည်တော် စက်တင်ဘာ ၂၀

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရေးမြို့တွင် ၆ဒသမ ၃၈လက်မ၊ ကျိုက္ခမီမြို့တွင် ၃ဒသမ၁၅လက်မ၊ နေပြည်တော်တပ်ကုန်းတွင် ၃ဒသမ၀၇လက်မ၊ ထားဝယ်မြို့တွင် ၂ဒသမ၃၆လက်မ၊ ရွှေကျင်မြို့တွင် ၂ဒသမ၀၀လက်မ၊ ဘီးလင်းမြို့တွင် ၁ဒသမ၆၅လက်မ၊ မန္တလေးမြို့တွင် ၁ဒသမ၀၆လက်မနှင့် မကွေးမြို့တွင် ၀ဒသမ၇၈လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**စက်တင်ဘာ ၂၁ရက်ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် မငြိမ်မသက်မှုများရှိလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | | |
|---|---|---|
| (၂၈ဒသမ၈ဒီဂရီစင်တီဂရိတ်) | (၈၄ဒီဂရီဖာရင်ဟိုက်) | ၁၉-၉-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | | |
|---|---|---|
| (၂၁ဒသမ၇ဒီဂရီစင်တီဂရိတ်) | (၇၁ဒီဂရီဖာရင်ဟိုက်) | ၂၀-၉-၂၀၀၈ |
| ၀၉း၃၀ နာရီအချိန် | စိုထိုင်းဆ ၉၆ရာခိုင်နှုန်း | ၂၀-၉-၂၀၀၈ |
| နေပူသည့်နာရီပေါင်း | ၁ဒသမ၈ နာရီခန့် | ၁၉-၉-၂၀၀၈ |

## သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာများရရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ရွာဟောင်းကျေးရွာနေ ဦးစောရှာတီးသည် စက်တင်ဘာ ၁၉ရက် နံနက် ၁၁နာရီ ၁၅မိနစ်ခန့်တွင် ဝါးခုတ်ရန် တောထဲသို့ သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံးအား နင်းမိသဖြင့် ဘယ်ခြေကျင်းဝတ်ပြတ် ဒဏ်ရာနှင့် ညာခြေသလုံးရိုး ကြေမွဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဦးစောရှာတီးအား မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုခံနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၃၇)ဖြန့်ချီ

**ရန်ကုန် စက်တင်ဘာ ၂၀**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၄) အမှတ်(၃၇)တွင် 'စိတ်တွင်လှုပ်ရှားဂိမ်းကစား လမ်းတော့မမှားစေချင်' လူငယ်နှင့်ဂိမ်းအကြောင်း အထူးသတင်းဆောင်းပါးနှင့်အတူ ၁၉၉၄ကမ္ဘာ့ဖလားရ ဘရာဇီးလ်ဘောလုံးအသင်း နာဂစ်ရန်ပုံငွေ ချစ်ကြည်ရေးလာရောက်ကစားမည်၊ ရေညှိမျိုးနွယ်စုများဖြင့် ဇီဝလောင်စာထုတ်နိုင်ရန် သုတေသနများပြုလုပ်၊ ကယ်ဆယ်ရေးစပိဘုတ်များ မြို့နယ်တိုင်းတွင် ထားရန်စီစဉ်၊မြန်မာ-အိန္ဒိယပူးပေါင်းကာ အိုင်တီစင်တာ ၁၁ခု တည်ဆောက်မည်၊ စက်တင်ဘာနှင့်အောက်တိုဘာတွင် မုန်တိုင်းဖြစ်ပွားတတ်သဖြင့် ရေယာဉ်များသတိပြုရန်လို၊ တိုင်းရင်းဆေးဝါးများ ဘေးဖြစ်၊မဖြစ် ဆေးသုတေသနဦးစီးဌာနမှစမ်းသပ်၊ ပြည်တွင်းစားသောက်ကုန်များ အရည်အသွေးသာမက အဆင်ဒီဇိုင်းပါ ဆန်းသစ်ရန်လို၊ ဆေးဆိုင်တချို့တွင် ဆရာဝန်လက်မှတ်မပါဘဲ ဒိုင်ရာစီပင်အိပ်ဆေးရောင်းချမှုများရှိနေစသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'တစ်ပတ်ထဲမှာပြောစရာ(Quotes of the week )'ကဏ္ဍ၊ ထိရောက်တဲ့ကြော်ငြာဆိုတာ. . .၊ ဈေးသည် ဈေးဝယ်စုံလို့ရယ်. . လူမှုဘဝရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

'နိုင်ငံရေးမဲဆွယ်ပွဲတွေမှာ အရေးပါတဲ့အကြောင်းကိစ္စဆိုတာ မပါရှိသလောက်ဖြစ်တယ်' ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး အာနိုးရှဝါစင်နေဂါနှင့်တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ဂျော်ဂျီယာအရေးတွင် ရုရှားက ကိုယ့်ကိုယ်ကိုယ်ကာကွယ်ခြင်းသာဖြစ်၊ခေါင်းနှစ်လုံးနှင့် လိပ်ကလေးမွေး၊ လူသတ်သမားတို့ဖျက်ဆီးထားသော လက်ဗွေရာကို နည်းပညာသစ်က ဖော်ထုတ်၊ အာကာသတွင် တရုတ်လမ်းလျှောက်တော့မည်၊ ဇနီးမယား ချစ်သူရည်းစား ထမ်းပိုးပြေးပြိုင်ပွဲ ကျောင်းသားစုံတွဲအနိုင်ရ၊တရုတ်တိရစ္ဆာန်ဥယျာဉ်၌ မျောက်စုံတွဲလက်ထပ်၊ ဂန္ဒီ၏ရွှေ့လျားနိုင်သောအိမ်သာ ပြန်လည်ဖန်တီး၊ ဗင်နီဇွဲလားနှင့် အမေရိကန်ကြားမှရန်စ စသည့်နိုင်ငံတကာ ထူးထူး ဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House ကမြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

**အင်တာနက်ဖောင်ပိတ်သတင်း**



## ပါကစ္စတန်တွင် အသေခံကားဗုံးခွဲတိုက်ခိုက် ဟိုတယ်ကြီးတစ်ခုလုံးပြိုကျပျက်စီးမီးလောင်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၀**

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ယနေ့ဒေသစံတော်ချိန် ညစနာရီတွင် ထရပ်ကားငယ်ဖြင့် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် မာရီယော့ဟိုတယ်ကြီးတစ်ခုလုံးနီးပါး ပြိုကျပျက်စီးပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါဗုံးခွဲတိုက်ခိုက်မှုကြောင့် ဟိုတယ်တွင် တည်းခိုနေထိုင်ကြသူများအနက် လူ ၄၀သေဆုံးခဲ့ရပြီး သေဆုံးသူအများစုတွင် နိုင်ငံခြားသားဧည့်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည်ဟုဆိုသည်။ ပါကစ္စတန်အစိုးရ အထက်လွှတ်တော်က အဆိုပါဗုံးခွဲတိုက်ခိုက်မှုကို (ပါကစ္စတန် စက်တင်ဘာ ၁၁) ဟုပြောကြားခဲ့သည်။ *အင်တာနက်။*

## မူးယစ်ကင်းစင် အလှဆင်

## ၂၀၀၈ ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁) နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၂၀

**၂၀၀၈ ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က အဖွင့်အမှာစကား ပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲကို ၁၉၆၂ ခုနှစ်ကတည်းက နှစ်စဉ် မပျက်မကွက် ကျင်းပပေးခဲ့ပြီး ယခုကျင်းပသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁) နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲသည် ၁၉၈၅ ခုနှစ်ကစပြီး နှစ်စဉ် ကျင်းပပေးခဲ့သည့်အတွက် ယခုနှစ်ဆိုလျှင် (၂၄) ကြိမ်ပြည့်မြောက် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

## လူငယ့်အတွေး

✳ ဆယ့်ရှစ်နှစ်သား ကျွန်တော်ဟာ
မဲဆန္ဒလည်း ပေးခဲ့ပါ။
မြန်မာပြည်ကို ကျွန်တော်ချစ်
လူသစ် စိတ်သစ် အတွေးသစ်။

✳ တိုးတက်နေတဲ့ သည်ခေတ်မှာ
အဟောင်းအနွမ်းတွေ စွန့်ပစ်ပါ။
တစ်ခါတုန်းက ဆိုတဲ့စကား
နောက်မှာ ကျန်နေခဲ့ပြီးသား။

✳ ရှေ့ဆက်သွားဖို့ မျှော်မှန်းရည်
အနာဂတ်နိုင်ငံတော်ဆီ။
ပြည်သူ တပ်မတော် လက်တွဲလို့
အောင်ပွဲရယူစို့။ ။

**မင်းချမ်းမြေ့(မြန်အောင်)**





**တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၈ ခုနှစ် (၂၄) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## စစ်ကိုင်းတိုင်း ငွေစပါးဖြစ်ထွန်းအောင်မြင်၍ ပြည်တွင်းစားသုံးမှု ဆန်များပိုလျှံလာ

**ဈေးကွက်သတင်း- တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံမှတ်တမ်း- သက်ထက်ကို(ဘော်ဂါမြေ)**

**ယနေ့ ပြည်သူများ စားသုံးနေသော ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ငါးခြောက်စသော အခြေခံစားကုန်တို့သည် ရန်ကုန်ဆိပ်ကမ်းမြို့နယ် ကိုင်းတန်းလမ်း ဆန်စပါးကုန်စည်ဒိုင်ကြီး၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင်များ၊ ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးကုန်စည်ဒိုင်ကြီးများသို့ ဒေသအသီးသီးမှ နေ့စဉ်ဝင်လျက်ရှိသည်။**

**ဆန်စပါး**

ဆန်အဝင်၊ အထွက်နှင့် ဈေးနှုန်းတို့ကို သိရှိနိုင်ရန် ကိုင်းတန်းကုန်စည်ဒိုင်ကြီးသို့ စက်တင်ဘာလ ၁၇ ရက် နံနက်က ရောက်ခဲ့သည်။ ကုန်စည်ဒိုင်ကြီးမှာ ကျယ်ဝန်းလှပြီး အတွင်းရောအပြင်ပါ ရောင်းသူဝယ်သူများနှင့် စည်ကားနေသည်ကို တွေ့ရသည်။ ဒိုင်ကြီးအား တနင်္ဂနွေနေ့မှအပ နေ့စဉ် နံနက် ၆ နာရီခွဲမှ နံနက် ၁၀ နာရီခွဲအထိ ဖွင့်လှစ်လျက်ရှိသည်။ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက "တလောကဖြစ်ခဲ့တဲ့ မုန်တိုင်းကြောင့် ဒီနှစ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●



**ဝါးတန်း ဖောတံတား အမှတ် (၃)တွင် ဆိုက်ကပ်ထားသော သမ္ဗန်လသင်္ဘောပေါ်မှ ဆန်အိတ်များကို လုပ်သားကြီးများက ဤသို့ သယ်ချနေသည်ကို တွေ့ရသည်။**

**ကြေးမုံ The Mirror အင်တာနက် သဘာဝဘေးအန္တရာယ်သတင်းများ**

## အမေရိကန်တွင် အိုက်ခ်မုန်တိုင်းကြောင့် သေဆုံးသူဦးရေ တိုးလာ

ဝါရှင်တန် စက်တင်ဘာ ၂၀

အမေရိကန်တောင်ပိုင်းတွင် မကြာသေးမီက အိုက်ခ်ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တက္ကဆက်ပြည်နယ်ဟူစတန်ဒေသတွင် နောက်ထပ်သေဆုံးသူ လေးဦး တိုးလာသည့်အတွက် စက်တင်ဘာ ၁၉ ရက်အထိ အသက်ဆုံးရှုံး ရသူပေါင်းမှာ ၂၇ ဦး ရှိသွားပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ထိုမုန်တိုင်းကြောင့် တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်သော သေဆုံးရသူဦးရေမှာ ၅၀ မှ ၆၀ အကြားတွင် ရှိမည်ဟု ခန့်မှန်းထားသည်။ အသစ်တိုးလာသော သေဆုံးရသူများတွင် သုံးဦးမှာ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့ ရှူမိ၍ သေဆုံးသည်ဟု ယူဆရပြီး ကျန်တစ်ဦးမှာ ၎င်း၏ အိပ်စင်တွင် သေဆုံးနေသည်ကို တွေ့ကြရခြင်းဖြစ်ကြောင်း ဟူစတန်မြို့ ဝက်ဘ်ဆိုက်သတင်းတွင် တင်ပြထားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ●